www.burmeseclassic.com

# လူတော်လူကောင်းနဲ့ လူကြီးလူကောင်း



BURMESE CLASSIC .com

လူထုစိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

**စကားအနည်းငယ်**

ဒီစာအုပ်လေးထဲမှာပါတဲ့ ဆောင်းပါးတွေဟာ ဆရာ လူထုစိန်ဝင်း Hot News ဂျာနယ်မှာ ရေးခဲ့သမျှကို စုစည်းထုတ်ဝေလိုက်တာ ဖြစ်ပါတယ်။ အဲဒီအတွက် ဆရာ့ရဲ့ ကျန်ရစ်သူမိသားစုနှင့် မူလထည့်သွင်းခဲ့တဲ့ Hot New ဂျာနယ်ကိုကျေးဇူးအထူးတင်ပါကြောင်း

နှစ်ကာလများစာပေ

BURMESE CLASSIC .com

နှစ်ကာလများ
စာအုပ်အစီအစဉ် ၁၀၃

# လူတော်လူကောင်းနဲ့ လူကြီးလူကောင်း

## လူထုစိန်ဝင်း

နှစ်ကာလများ
အမှတ်-၁၀၄၊ အပေါ်ဆုံးထပ်(က)
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၂၇၆၆၉

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

လူထုစိန်ဝင်း
လူတော်လူကောင်းနဲ့ လူကြီးလူကောင်း
ပထမအကြိမ်၊ ၊ မေ၊ ၂၀၁၃
**တန်ဖိုး– ၁၀၀၀ ကျပ်**
**အုပ်ရေ**
၁၀၀၀
ဖြန့်ချိရေး
**နှစ်ကာလများ စာပေ**
၁၀၄–အပေါ်ဆုံးထပ်၊ အောင်ဇေယျလမ်း
အလုံမြို့နယ်၊ ရန်ကုန်မြို့။
*e-mail: theeras2001@gmail.com*

**ထုတ်ဝေသူ–** ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ၊ အမှတ် ၁၀၄၊ အပေါ်ဆုံးထပ်(က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့် အဖုံးပုံနှိပ်–** ဦးဇော်မြင့်ဝင်း၊ ကာလာဇုန် ပုံနှိပ်တိုက်၊ ၁၈၄/ဘီ၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းဖလင်** – ပုံရိပ်ရှင်
**ကွန်ပျူတာစာစီ** – သရဖီ
**စာအုပ်ချုပ်** – ကိုမြင့်
**မျက်နှာဖုံးပန်းချီ** – မောင်နိုး

လူထုစိန်ဝင်း ၈၀၂
လူတော်လူကောင်းနဲ့ လူကြီးလူကောင်း/ လူထုစိန်ဝင်း။ – ရန်ကုန်၊
နှစ်ကာလများစာပေ၊ ၂၀၁၃။
၉၀–စာ၊ ၁၃x၂၁ စင်တီ။
(၁) လူတော်လူကောင်းနဲ့ လူကြီးလူကောင်း

## မာတိကာ

၇ လူတော်လူကောင်းနဲ့ လူကြီးလူကောင်း
၁၁ အမှန်တရားဆိုတာ တစ်ခုတည်းပဲ ရှိတယ်
၁၆ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရတာ
၂၁ ဩဇာရှိချင်ရင် သိက္ခာရှိဖို့ လိုတယ်
၂၇ ပရဟိတစစ်စစ် လုပ်ငန်းများ တိုးပွားလာပါစေ
၃၃ စေတနာကြောင့် ဝေဒနာမဖြစ်စေချင်ပါ
၃၉ ဘယ်ကျောင်းထွက် စာနယ်ဇင်းသမားလဲ
၄၄ အရှင်သခင်လို မျက်နှာမျိုး
၄၉ သိပ္ပံဆိုတိုင်း မျက်စိမှိတ် မယုံနဲ့
၅၅ ပါးစပ်ဆယ်ပေါက် ရှိရင်တောင် ပြောစရာ မရှိတော့ပါဘူး
၆၀ လူငယ်တွေက မြစ်ကို မြစ်မှန်းသိတယ်
၆၅ ဘောလုံးပွဲမှာလည်း ကြောင်ဖြူ ကြောင်မည်း
၇၀ စားသုံးသူ ကာကွယ်ရေး
၇၅ အကျိုးမျှော်လို့ နှိုးဆော်လိုက်ပါတယ်
၈၁ သူများကို ညံ့တယ်မပြောနဲ့၊ ကိုယ် မညံ့ကြောင်းပဲ ပြပါ
၈၅ ဘာလုပ်လုပ် ကိုယ်တိုင် စုံးစမ်းမေးမြန်းပြီး လုပ်

www.burmeseclassic.com

www.burmeseclassic.com

# လူတော်လူကောင်းနဲ့ လူကြီးလူကောင်း

လူကြီးလူကောင်း စိတ်ဓာတ်အကြောင်း မကြာခဏ ရေးသားခဲ့ဖူးလေတော့ လူငယ်များက လူကြီးလူကောင်းနဲ့ လူတော်လူကောင်းဆိုတာ အတူတူပဲလားလို့ မေးတတ်ကြတယ်။ မေးထိုက်တဲ့မေးခွန်း ဖြစ်တယ်။ လူအတော်များများက အတူတူလို့ ထင်ကြတယ်။ ဒါပေမယ့် မတူပါဘူး။

## စိတ်ထား ဝတီ

လူကြီးလူကောင်းကို အင်္ဂလိပ်လို Gentleman လို့ခေါ်ပြီး လူတော်လူကောင်းကိုတော့ sharp and clever လို့ ပြောတတ်ကြတယ်။ လူကြီးလူကောင်းစိတ် ဆိုတာ ရိုးသား ဖြောင့်မတ်ရုံ၊ ဉာဏ်ပညာ ကြီးမားရုံ၊ ကရုဏာထားတတ်ရုံနဲ့တင် မပြီးပါဘူး။ ဒီ့ထက်ကို ပိုပြီးတော့ မြင့်မြတ်တဲ့ စိတ်သဘော ရှိရပါတယ်။ ဆရာကြီး ရွှေဥဒေါင်းရဲ့ ဘာသာပြန် စာအုပ်တစ်အုပ်ကို 'စိတ်ထားဝတီ'လို့ ဆရာကြီးက အမည်ပေးခဲ့ပါတယ်။ အဲဒီစကားကိုယူပြီး ပြောရမယ်ဆိုရင် 'ဝတီလောက်ထိ မြင့်မြတ်တဲ့စိတ်' ရှိသူလို့ ပြောရမယ်ထင်ပါတယ်။ ရန်သူ့လက်ထဲကဓား လွတ်ကျသွားရင် ဓားပြန်ကောက်ခွင့်ပေးပြီးမှ ဆက်လက်ယှဉ်ပြိုင်တဲ့ စိတ်မျိုးကို လူကြီးလူကောင်းစိတ်လို့ ဆရာကြီး ရွှေဥဒေါင်းက ရေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ပွဲလန့်ဖျာခင်း စိတ်ဓာတ်

ရှေးက ဆာဝါလ်တာစကော့တို့၊ အလက်ဇန္ဒားဒူးမားတို့ ရေးခဲ့တဲ့ ရာဇဝင်ဝတ္ထုကြီးတွေမှာဆိုရင် ဒီလိုစိတ်မျိုးကို အထူး အမွှန်းတင်ပြီးရေးလေ့ ရှိတယ်။

ဘယ်နည်းနဲ့ နိုင်ရနိုင်ရ အနိုင်ရဖို့ အဓိကပဲ ဆိုတဲ့ အခုခေတ် ကြောင်ဖြူ ကြောင်မည်း အဘိဓမ္မာနဲ့တော့ ဖြောင့်ဖြောင့်ကြီးကို ဆန့်ကျင်နေတာ ဖြစ်တယ်။ ဒီခေတ်ကတော့ ကျင့်ဝတ်တို့၊ သိက္ခာတို့ကို နည်းနည်းမှ အလေးထားကြတာ မဟုတ်ဘူး။ တမင်တကာ ပွဲလန့်အောင် လုန့်ပြီး ဖျာဝင်ခင်းဖို့ စောင့်နေကြသူတွေချည်းပါပဲ။ ကိုယ်နဲ့ မယှဉ်သာအောင် အားနည်းနေတဲ့သူကို နိုင့်ထက်စီးနင်း လုပ်ပြီး အနိုင်ယူတာမျိုးကိုလည်း ရှက်စရာလို့ သဘောမထားကြတော့ဘူး။ ဒီခေတ်မှာ လူကြီးလူကောင်းစိတ်ဓာတ်ဆိုတာ ဘာမှန်း မသိတော့လောက်အောင်ကို ပျောက်ကွယ်သလောက် ဖြစ်နေပြီ။

## ကိုယ့်အသက်ရှင်ဖို့ အဓိက

လူတော်လူကောင်း ဆိုတာက ပညာထူးချွန်ပြီး အသောက်အစားကင်းတာ၊ ယဉ်ကျေးလိမ္မာတာ၊ ကိုယ်ချင်းစာတရား ရှိတာများကို ပြောတာလို့ ယေဘုယျပြောလို့ ရပါတယ်။ လူတော်လူကောင်းဟာ သူသေကိုယ်ရှင် တိုက်ခိုက်ကြရတဲ့ တိုက်ပွဲမှာ တစ်ဖက်သား ဓားလွတ်ကျသွားတာကို တရကြမ်း ဝင်မခုတ်ဘဲ ဓားပြန်ကောက်ခွင့်ပေးတာမျိုးတော့ လုပ်နိုင်ဖို့ မလွယ်ဘူးထင်တယ်။ ဝင်ခုတ်ရင်လည်း မတရားဘူးလို့ ဆိုနိုင်တဲ့ ကိစ္စမျိုး မဟုတ်ပါဘူး။ အဲဒီအချိန်မှာ ဘယ်သူမဆို ကိုယ်အသက်ရှင်ဖို့ကိုသာ အဓိကထားကြမှာပဲ။ အဲဒီလိုထားလို့ သူ့ကို ဘယ်သူကမှ အပြစ်တင်မှာ မဟုတ်ဘူး။ လူတော်လူကောင်း မဟုတ်ဘူးလို့လည်း ပြောကြမှာ မဟုတ်ဘူး။

## တရားတိုင်း အနိုင်မယူဘူး

လူကြီးလူကောင်းစိတ်ဓာတ် (Gentleship) ရှိသူကတော့ တရားသဖြင့် (fair) ဖြစ်တယ်ဆိုတိုင်း အနိုင်မယူပါဘူး။ သူတို့စိတ်ထဲမှာ မလုပ်သင့်ဘူး ယူဆရင် မလုပ်ဘဲနေပါတယ်။ တစ်ခါတုန်းက ဘောလုံးပွဲတစ်ပွဲမှာ ကြုံရတဲ့ အဖြစ်ကလေးတစ်ခုကို နမူနာပြချင်တယ်။ ကြာတော့ကြာပြီ။ ၉ နှစ်၊ ၁၀ နှစ်လောက်တောင် ရှိပြီထင်ပါရဲ့။ ဘယ်အသင်းနဲ့ ဘယ်သူဘယ်ဝါဆိုတာ မမှတ်မိတော့ပါဘူး။ အင်္ဂလိပ် ပရီးမီးယားလိဂ်က ပွဲတစ်ပွဲဖြစ်တယ် ဆိုတာတော့ သေချာတယ်။ အသင်းနှစ်သင်း ကစားကြရင်းနဲ့ တစ်ဖက် တိုက်စစ်မှူးက ဘောလုံးရသွားပြီး ဂိုးပေါက်ဆီကို အပြေးဆွဲယူသွားတယ်။ သူ့ရှေ့မှာ ဂိုးသမားပဲ ရှိတော့တယ်။ သေချာပေါက် ဂိုးရနိုင်တဲ့အနေအထား ဖြစ်တယ်။



## ဂိုးမသွင်းဘဲ ဘေးကန်ပစ်သူ

အဲဒီအချိန်မှာ မမျှော်လင့်တဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ပွားတယ်။ တစ်ဖက်ဂိုးသမားက ပြေးထွက်ဖို့လုပ်ရင်းနဲ့ ကြွက်တက်ပြီး လဲကျသွားတယ်။ မြေကြီးပေါ်မှာ လူးလိမ့်နေတယ်။ အဲဒီအချိန်မှာ တိုက်စစ်သမားက အသာလေး ကန်သွင်းလိုက်ဖို့ပဲ ရှိတော့တယ်။ ဒိုင်က ပွဲရပ်ခရာ မမှုတ်လို့ သူသွင်းလိုက်ရင် တရားဝင်ဂိုးဖြစ်တာ သေချာတယ်။ ဒါပေမယ့် တိုက်စစ်သမားဟာ ဘောလုံးကို ဂိုးပေါက်ထဲ ကန်မသွင်းဘဲ ဘေးကို ကန်ထုတ်ပစ်လိုက်တယ်။ ဘယ်သူမှ မျှော်လင့်မထားတဲ့ လုပ်ရပ်ဖြစ်လို့ တစ်ကွင်းလုံး မှင်တက်မိပြီး ငြိမ်ကျသွားပါတယ်။ ဒါပေမယ့် ခဏလေးကြာတော့ လက်ခုပ်သံတွေ ဟိန်းထွက်လာတယ်။ ကွင်းလေးဖက်လေးတန်က ပရိသတ်တွေ အားလုံး မတ်တတ်ရပ်ပြီး လက်ခုပ်တွေ မရပ်မနား တီးကြတယ်။

## အားနည်းသူကို အနိုင်မကျင့်

အဲဒီ ဘောလုံးသမားရဲ့ လုပ်ရပ်ဟာ လူကြီးလူကောင်း လုပ်ရပ်ပဲ။ မှန်တယ်၊ တရားသဖြင့်ဖြစ်တယ် ဆိုတိုင်း သူ မလုပ်ဘူး။ အခွင့်အရေးရတိုင်း မယူဘူး။ အားနည်းသူကို အနိုင်မကျင့်ဘူး။ သူဟာ အရက်သောက်ချင်လည်း သောက်မယ်။ ဘောလုံးပွဲ လောင်းကစားလည်း စွဲစွဲမြဲမြဲ လုပ်ချင်လုပ်မယ်။ ငယ်ငယ်ကတည်းက ဘောလုံးကစားလာလို့ အဆင့်မြင့်မြင့်

www.burmeseclassic.com

www.burmeseclassic.com



ပညာတွေ သင်ကောင်းမှ သင်ရမယ်။ လူတော်ဆိုတဲ့စံ၊ လူကောင်းဆိုတဲ့ သတ်မှတ်ချက်တွေနဲ့တော့ မကိုက်ဘူး။ ဒါပေမယ့် သူဟာလူကြီးလူကောင်း စိတ်ဓာတ် အပြည့်အဝရှိသူ ဖြစ်တယ်။ သူ့စိတ်ဓာတ်မျိုးကိုမှ 'စိတ်ထားဝတီ'လို့ ခေါ်ထိုက်တာ ဖြစ်တယ်။

**ပစ္စန္တရစ်ရွာကြီး**

လူတော်ဖြစ်ဖို့ မခက်ပါဘူး။ မိုက်ဆံတတ်နိုင်ပြီး စာကြိုးစားရင် ဘယ်သူမဆို လူတော်ဖြစ်နိုင်တယ်။ လူကောင်းဖြစ်ဖို့ကျတော့ လူတော်ဖြစ်ဖို့လောက် မလွယ်ဘူး။ ဒါကြောင့် လောကမှာ လူတော်ထက် လူကောင်း ရှားတာဖြစ်တယ်။ လူကြီးလူကောင်းကျတော့ ရှာတွေ့ဖို့ ခက်တယ်။ လူတော်လူကောင်း တစ်သောင်းထဲက လူကြီးလူကောင်း တစ်ယောက် ထွက်ချင်မှ ထွက်ပါတယ်။ အဲဒီလောက်ကို ရှားတာ။ ဒါကြောင့်လည်း ကမ္ဘာကြီးတစ်ခုလုံး ပစ္စန္တရစ်ရွာကြီးသဖွယ် မတရားမှုတွေ၊ ရက်စက်ကြမ်းကြုတ်မှုတွေ၊ သတ်ဖြတ်မှုတွေနဲ့ ပြည့်နှက်နေတာဖြစ်တယ်။

ငယ်စဉ်က သင်ကြားပေး

ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာပြီး နေချင့်စဖွယ်ဖြစ်ဖို့အတွက် စာသင်ကျောင်းတွေမှာ လူကြီးလူကောင်း စိတ်ဓာတ်အကြောင်း သင်ကြားပေးသင့်တယ်။ ငယ်စဉ်ကတည်းက ခေါင်းထဲမှာစွဲနေအောင် လုပ်ထားပေးမှ လူကြီးလူကောင်းကလေးတွေ ပေါ်ထွက်လာမှာ ဖြစ်တယ်။ မြန်မာရာဇဝင်ထဲက၊ ကမ္ဘာ့ရာဇဝင်ထဲက နိုင်တိုင်း ဖိထောင်းတာ မကောင်းဘူး၊ ရတိုင်းယူတာ မကောင်းဘူးဆိုတဲ့ စိတ်ဓာတ်မျိုးပေးတဲ့ အကြောင်းအရာတွေကို ထုတ်နုတ် သင်ကြားပေးသင့်တယ်။

*The Hot News Journal*

*Vol. 1, No. 1, 23 July 2010.*

## အမှန်တရားဆိုတာ တစ်ခုတည်းပဲရှိတယ်

ဒီမိုကရေစီနဲ့ ဗဟုဝါဒဆိုတဲ့ စကားလုံးတွေ ခေတ်စားနေတဲ့အချိန်မှာ အလားတူ လူပြောများတဲ့ တခြားစကားလုံးတစ်ခု ရှိပါသေးတယ်။ အမှန်တရားဆိုတာ တစ်ခုတည်းရှိတာ မဟုတ်ဘူး။ ကြည့်သူတွေရဲ့ ရှုထောင့်ကို လိုက်ပြီး အမှန်တရားအမျိုးမျိုး ကွဲပြားခြားနားစွာ တည်ရှိနေတယ် ဆိုတဲ့စကား ဖြစ်တယ်။

**မရေရာမှုတွေနဲ့ ခေတ်**

အမှန်တရားဆိုတဲ့အပေါ်မှာကို သံသယပွားသူတချို့လည်း ရှိသေးတယ်။ လူ့လောကမှာ သေချာရေရာတဲ့အရာဆိုတာ ဘာမှမရှိဘူး။ မသေချာမရေရာမှုတွေကြားမှာ မျက်မမြင် ပုဏ္ဏားများ ဆင်စမ်းသလို စမ်းတဝါးဝါးနဲ့ ကိုယ်ထင်တာ ကိုယ်ပြောတာပဲ ဖြစ်တယ်လို့ ဆိုသူက ဆိုကြတယ်။ အဲဒီအဆိုရဲ့ နောက်ဆက်တွဲအဖြစ် အမှန်တရားကို ကိုင်စွဲတယ်၊ အမှန်တရားအတွက် စွန့်လွှတ်အနစ်နာခံတယ် ဆိုတဲ့သူများကို တစ်ယူသန် အယူသည်းသူ မျက်ကန်းများအဖြစ် ပြက်ရယ်ပြုတာတွေ ကပ်ပါလာwww.burmeseclassic.comတွေ ရှိတယ်။

www.burmeseclassic.com



### အားပေးရာ ကျတယ်

အမှန်တရားကို ကိုင်စွဲလို့ ပြက်ရယ်ပြုတာ ကိစ္စမရှိဘူး။ ထင်ရာစိုင်းပြီး မမှန်မကန် လုပ်နေတာတွေကို သူတို့လည်း သူတို့ရှုထောင့်က အမှန်တရားလို့ ယူဆပြီး လုပ်နေကြတာပဲ။ အပြစ်ပြောလို့ မရဘူးဆိုတဲ့ သဘောထားမျိုးကတော့ မဟုတ်တာကို အားပေးအားမြှောက်ပြုရာ ကျတယ်။ သဘောမတူနိုင်ဘူး။ လူ့လောကမှာ အယူဝါဒအမျိုးမျိုးကို သည်းခံပြီး လူတိုင်းရဲ့ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုကို လေးစားစွာ အတူတကွ ယှဉ်တွဲနေထိုင်ခြင်းကို လူ့ယဉ်ကျေးမှုလို့ သတ်မှတ်ခေါ်ဆိုခဲ့ကြတာ ဖြစ်တယ်။ အဲဒါဟာ ဒီမိုကရေစီရဲ့ အနှစ်သာရလည်း ဖြစ်တယ်။

### တောင်တက်လမ်း အသွယ်သွယ်

တောင်တစ်တောင်ကိုတက်ဖို့ လမ်းကြောင်းအသွယ်သွယ် ရှိနိုင်တယ်။ အယူဝါဒမျိုးစုံဟာ တောင်တက်လမ်း အသွယ်သွယ်နဲ့ တူတယ်။ ဘယ်လမ်းကြောင်းက တက်မှ မှန်တယ်လို့ သတ်မှတ်လို့မရဘူး။ ဘယ်လမ်းကြောင်းကပဲ တက်တက် မလျှော့သော ဇွဲသတ္တိနဲ့ မမိုတ်မသုန် တက်ရင် နောက်ဆုံးမှာ တောင်ထိပ်ဖျားကိုရောက်မှာ သေချာတယ်။ တောင်ထိပ်ကို ရောက်အောင်တက်မယ်ဆိုတဲ့ ပြတ်သားရေရာတဲ့ ဦးတည်ချက်နဲ့ ခိုင်မြဲတဲ့ ဇွဲသတ္တိ မရှိဘဲ လမ်းတစ်ဝက်က နောက်ပြန်လှည့်တတ်တဲ့ လူစားမျိုးကတော့ တောင်ထိပ်ကို ဘယ်တော့မှ ရောက်မှာမဟုတ်ပါဘူး။ လမ်းသွယ်တွေ များတာက အကြောင်းမဟုတ်ဘူး။ အဆုံးထိရောက်အောင် တက်ဖို့သာ အရေးကြီးတယ်။

### ထိပ်ဖျားဆိုတာ တစ်ခုပဲရှိတယ်

တောင်တက်လမ်းတွေ ဘယ်လောက်ပဲများများ တောင်ထိပ်ဖျားကတော့ တစ်ခုပဲ ရှိတယ်။ နှစ်ခုရှိနေတယ်ဆိုရင် တောင်ထိပ်ဖျားလို့ မခေါ်နိုင်ဘူး။ မမိုတ်မသုန် ခိုင်ကျည်တဲ့ ဇွဲသတ္တိနဲ့ တက်လာရင် ဘယ်လမ်းကြောင်းကပဲ တက်လာတက်လာ တောင်ထိပ်ဖျားကို မလွဲဧကန် ရောက်မှာ သေချာတယ်။ ဗဟုဝါဒဆိုတဲ့ အယူဝါဒမျိုးစုံဟာ အမှန်တရားဆိုတဲ့



တောင်ထွတ်ဖျားကို ရောက်အောင်တက်တဲ့ လမ်းသွယ်တွေပဲ။ မရေမတွက်နိုင်လောက်အောင် အများကြီး ရှိနိုင်တယ်။ ဒါပေမယ့် တောင်ထိပ်ဖျား အခေါင်အထွတ်ဆိုတာကတော့ တစ်ခုပဲ ရှိနိုင်တယ်။ ဒါကြောင့် အခေါင်အထွတ်လို့ ခေါ်တာ ဖြစ်တယ်။

### အမှန်တရား တစ်ခုတည်း

အမှန်တရားဆိုတာ နှစ်ခု မရှိနိုင်ဘူး။ တစ်ခုတည်းရှိလို့ အမှန်တရားကို သတ်မှတ်တာ ဖြစ်တယ်။ အနောက်တိုင်းရှုထောင့် အမှန်တရား၊ အရှေ့တိုင်းရှုထောင့် အမှန်တရားရယ်လို့ မရှိဘူး။ လူ့လောက အမှန်တရားဆိုတာ တစ်ခုတည်းပဲ ရှိတယ်။ အနောက်ရှုထောင့်၊ အရှေ့ရှုထောင့် အမှန်တရား တောင်ထွတ်များကိုသွားတဲ့ ချဉ်းကပ်လမ်းကြောင်း၊ လမ်းသွယ်တွေသာ ဖြစ်တယ်။ အမှန်တရား မဟုတ်ဘူး။ အရှေ့တိုင်းသားများက ၃၂ ကောဋ္ဌာသနဲ့ ဖွဲ့စည်းထားပြီး၊ အနောက်တိုင်းသားတွေက ၃၆ ကောဋ္ဌာသ အစုအဖွဲ့ကြီးသာဖြစ်ပြီး အောက်ဆီဂျင်ကို ရှူသွင်းပြီး အသက် ရှင်နေကြတာ အတူတူဖြစ်တယ်။

### လူ့ယဉ်ကျေးဆိုတာ

တောင်ထိပ်ကိုရောက်ဖို့ လမ်းကြောင်းတွေ အသွယ်သွယ်ရှိတာကို လက်ခံ အသိအမှတ်ပြုပြီး တခြားလမ်းကြောင်းတွေက တက်နေကြသူများကို တောင်တက်ဖော်များအဖြစ် သဘောထားနိုင်သူများကို လူယဉ်ကျေးလို့ သတ်မှတ်ကြတယ်။

### အလိုတူ အလိုပါပဲ

လမ်းကြောင်းနဲ့ ပန်းတိုင်ကို ရောထွေးပြီး အမှန်တရားဆိုတာ တစ်ခုတည်းရှိတာ မဟုတ်ဘူးလို့ ပြောနေကြတာ ဖြစ်တယ်။ လူ့လောကမှာ လူဆိုးနဲ့ လူကောင်းရယ်လို့ ခွဲခြားသတ်မှတ်ထားတဲ့ နှုန်းစံတွေ ရှိပြီးသား ဖြစ်တယ်။ ဒါကို မရှုပ် ရှုပ်အောင် ကောင်းတယ်၊ ဆိုးတယ်ဆိုတာ ပုံသေကားကျ သတ်မှတ်ထားလို့ မရဘူး။ သူ့ဘက်က အမှန်နဲ့ ကိုယ့်ဘက်

www.burmeseclassic.com

www.burmeseclassic.com



က အမုန် မတူကြဘူး။ အမှန်တရား အများကြီးရှိတယ် စသဖြင့် ပြောနေကြတာဟာ လူဆိုးတွေဘက်က ရှေ့နေလိုက်ပေးနေကြတာ ဖြစ်တယ်။ အလိုတူ အလိုပါပဲ ဖြစ်တယ်။

## ရောင်တော်ပြန် ရောလွှတ်တာ

ဒီမိုကရေစီနဲ့ ဗဟုဝါဒ စကားလုံးတွေ ခေတ်စားနေတာနဲ့ ရောင်တော်ပြန် ရောပြီး လူမသမာတွေက လူဆိုးလူကောင်းဆိုတဲ့ နှုန်းစံတွေ မတူကွဲပြား အမျိုးမျိုး အစားစား ရှိတယ်၊ အမှန်တရားဆိုတာလည်း အများကြီး ရှိတယ်လို့ ကြွေးကြော် ဝါဒဖြန့်နေကြတာ ဖြစ်တယ်။ လူ့လောကမှာ မရေရာ မသေချာမှုတွေ ပြည့်နှက်နေပေမယ့် ရေရာ သေချာတာတွေလည်း အများကြီး ရှိပါတယ်။ မတရားမှုနဲ့ တရားမှုကို တိကျပြတ်သားစွာ ခွဲခြား သတ်မှတ်ချက်တွေ နိုင်ငံတိုင်း လူမျိုးတိုင်းမှာ ရှိပါတယ်။ တာလီဘန်တွေက ဈေးထဲမှာ ဗုံးခွဲတိုက်ခိုက်တာဟာ ရက်စက်ကြမ်းကြုတ်တဲ့ အကြမ်းဖက်မှုလို့ ယဉ်ကျေးတဲ့ လူသားတိုင်းက သတ်မှတ်ထားကြပါတယ်။

## ရက်စက်ကြမ်းကြုတ်မှုပဲ

အလားတူပဲ အာဖဂန်နိုင်ငံက မူလတန်းကျောင်းကလေးပေါ် ကျချင်ကျ၊ လူ့အိုရုံပေါ် ကျချင်ကျ၊ ဆေးရုံပေါ် ကျချင်ကျ၊ ဈေးထဲ ကျချင်ကျ ဘယ်နေရာကျကျ လူတွေ ကြောက်လန့်သွားရင် ပြီးရော ဆိုတဲ့သဘောနဲ့ လေယာဉ်ပျံတွေပေါ်က ဗုံးတွေ တရစပ် ကြဲချနေတဲ့ အမေရိကန်ရဲ့ လုပ်ရပ်တွေဟာလည်း လူမဆန်တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေပဲ ဖြစ်တယ်လို့ လူယဉ်ကျေးတိုင်းက သတ်မှတ်ကြပါတယ်။ အပြစ်မဲ့တဲ့ အရပ်သူအရပ်သားတွေကို သတ်ဖြတ်တာဟာ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ တရားတယ်လို့ သဘောမထားနိုင်ဘူး။ ဒီလိုလုပ်ရပ်ကို မှန်တယ်လို့လည်း ဘယ်သူကမှ လက်မခံပါဘူး။



## ပြောင်လိမ်နေတာ

ဒီလို ရက်စက်ကြမ်းကြုတ်မှုကြီးတွေကို ပြောင်ပြောင်တင်းတင်း ကျူးလွန်နေကြသူများက သူတို့ရဲ့ ရာဇဝတ်မှုတွေကို ဖုံးကွယ်ဖို့အတွက် အမှန်တရားဆိုတာ တစ်ခုတည်းရှိတာမဟုတ်ဘူး ဆိုတဲ့ အယူအဆကို ဝါဒဖြန့် ကြွေးကြော်နေတာဖြစ်တယ်။ သူတို့ရှုထောင့်ကကြည့်တဲ့ အမှန်တရားအတိုင်း ဆောင်ရွက်တာဖြစ်လို့ သူတို့ မလွန်ဘူး။ မမှားဘူး။ အမှန်တရားဆိုတာ လောကမှာ တစ်ခုတည်းပဲ ရှိပါတယ်။ သွားတဲ့လမ်းကြောင်းတွေသာ အသွယ်သွယ် များနေတာဖြစ်တယ်ဆိုတဲ့ အချက်ကို သဘောပေါက်ထားဖို့ လိုပါတယ်။ အယူဝါဒတွေ အမျိုးမျိုးရှိနေတာနဲ့ အမှန်တရားတွေ အများကြီးရှိတယ်လို့ နားမယောင်သင့်ဘူး။ အယူဝါဒတွေက အမှန်တရား မဟုတ်ဘူး။ အမှန်တရားကိုသွားရာ လမ်းကြောင်းတွေသာ ဖြစ်တယ်။ အမှန်တရားဆိုတာ နှစ်ခု မရှိနိုင်ပါဘူး။

*The Hot News Journal*

*Vol. 1, No. 2, 30 July 2010.*

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ပေါင်ကိုယ် လှန်ထောင်းရတာ

အိမ်က သွားရေးလာရေး လွယ်ကူတဲ့ မြို့လယ်မှာရှိတာကြောင့် ဂျာနယ်သမားတွေ အဝင်အထွက်များပါတယ်။ စာမူတောင်းဖို့ လာတဲ့လူက လာတယ်။ သတင်းအတွက်၊ ဆောင်းပါးအတွက် မေးချင်မြန်းချင်လို့ လာတဲ့လူက လာတယ်။

## နေ့စဉ်သတင်းစာခေတ်အတွက်

လာတဲ့သူမှန်သမျှကို သိသိ၊ မသိသိ လက်ခံပြီး တတ်စွမ်းသမျှ သူတို့လိုအင်ဆန္ဒ ဖြည့်ဆည်းပေးပါတယ်။ သတင်းအလုပ်မှာ သူတို့လေးတွေ ပျော်ပိုက်စေချင်တယ်။ တစ်ချိန်ချိန် ပုဂ္ဂလိက နေ့စဉ်သတင်းစာတွေ ထွက်လာတဲ့အခါမှာ ကျင့်သားရပြီးသား သတင်းထောက်တွေ၊ အယ်ဒီတာတွေ အလုံအလောက် ရှိနေစေချင်တယ်။ စာနယ်ဇင်း အတတ်ပညာဆိုင်ရာနဲ့ ကျင့်ဝတ်အကြောင်း ဆောင်းပါးတွေ အဆက်မပြတ် ရေးနေပေမယ့် လူချင်းတွေ့ဆုံ စကားပြောရတာလောက် အရာမရောက်ဘူး။ စာရေးတာက ကိုယ်ချည်း ပြောရတာ။ တစ်ဖက်သားရဲ့ ထင်မြင်ယူဆချက်ကို မကြားရဘူး။ လူချင်းတွေ့ ပြောရတာကျတော့ အပြန်အလှန် မေးကြ၊ ပြောကြ၊



စောဒကတက်ကြ ဆိုတာတွေ ချက်ချင်းလက်ငင်း လုပ်ကြတာ ဖြစ်တဲ့ အတွက် ကိုယ်မသိတာတွေ သိရတယ်။ နှစ်ဦးနှစ်ဖက် အကျိုးရှိတယ်။

## ကန့်ကူလက်လှည့် သင်မယ့်သူ မရှိ

အဲဒါကြောင့် လူငယ်တွေ ဘာမေးမေး စိတ်ရှည်လက်ရှည် ဖြေပါတယ်။ သူတို့ ရင်ဖွင့်သမျှကိုလည်း စာနာစိတ်နဲ့ နားထောင်ပါတယ်။ သူတို့လေးတွေအဖို့ သူတို့တိုက်တွေမှာ သွန်သင်ဆုံးမလုပ်မယ့်သူ မရှိရှာကြဘူးလေ။ အများအားဖြင့် အယ်ဒီတာတွေက ခိုင်းတာနဲ့ ဆူပူကြိမ်းမောင်း လုပ်တာကလွဲပြီး ကန့်ကူလက်လှည့် သင်ကြားပြသပေးကြတာ မဟုတ်ဘူး။ ငါးစာသာပေးပြီး ကွန်ချက်ပြမပေးချင်ကြတဲ့ သူတွေက ဆရာစား ချန်တတ်၊ ပညာပြတတ်တယ်။ တချို့ကျတော့ ထုတ်ဝေသူနဲ့ အကြောင်းအပေါင်းသင့်လို့ အယ်ဒီတာဖြစ်နေတာ။ သတင်းထောက်လေးတွေကို သင်ကြားပြသနိုင်လောက်တဲ့ အရည်အချင်းမျိုး ဘာတစ်ခုမှ ရှိတာမဟုတ်ဘူး။

## လူကြီးဆိုတာ ပြောသင့်တာ ပြောရတယ်

ပြောရမှာတော့ အားနာတယ်။ ဒါပေမယ့် လူကြီးတစ်ယောက်အနေနဲ့ မှန်တာကိုပြောသင့်တယ် ယူဆလို့ ပြောရမယ်ဆိုရင်တော့ အယ်ဒီတာချုပ်ဆိုတဲ့ နာမည်တပ်ထားသူ အတော်များများ(အတော်ကိုများတဲ့ အတော်များများပါ) ဟာ ဆရာ ဂျာနယ်ကျော်ဦးချစ်မောင်တို့၊ ဆရာ မြို့မမောင်တို့၊ ဆရာ ဇဝနတို့၊ ဆရာ လူထုဦးလှတို့လို ပညာပြည့်ဝရုံသာမက နှလုံးလည်း လှသူတွေ မဟုတ်ကြတာတော့ သေချာတယ်လို့ ပြောနိုင်ပါတယ်။ ခေတ်ပေါ်ဂျာနယ် အယ်ဒီတာချုပ်တွေကို တစ်ယောက်မှ ရင်းနှီးကျွမ်းဝင်မရှိပေမယ့် ဂျာနယ်တွေမျိုးစုံအောင် နေ့တိုင်းဖတ်နေတာမို့ ပြောနိုင်တာ၊ ပြောရဲတာ ဖြစ်တယ်။ ရေးတဲ့စာကိုကြည့်ပြီး ရေးသူရဲ့ အရည်အချင်းကို သာမက ရေးသူရဲ့ စိတ်နေစိတ်ထားကိုပါ သိနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## မဟုတ်တာတွေကို အဟုတ်ထင်

အဲဒီလို အကြောင်းတွေကြောင့် လူငယ်လေးတွေကို စိတ်ရှည်ရှည်ထား နားထောင်ပေး၊ မေးသမျှ ဖြေပေး လုပ်နေတာဖြစ်တယ်။ တချို့လူငယ်လေးတွေဆို လုပ်သာနေကြတာ၊ ဘာမှကို သိတာမဟုတ်ဘူး။ လုံးဝမလုပ်သင့်၊ မလုပ်ရဲတဲ့ အလုပ်မျိုးတွေကိုတောင် သူများတွေ လုပ်တာကြည့်ပြီး လုပ်ရိုးလုပ်စဉ်ကိစ္စမျိုးလို့ ယူဆပြီး ရဲရဲတင်းတင်း စိတ်ရှင်းရှင်းနဲ့ လုပ်ကိုင်နေကြတာတွေ တွေ့ရတယ်။ တစ်လောက ပေါ့ပ်အမည်တပ်သတင်းနဲ့ အင်တာဗျူးအမည်ခံ ပေါက်တတ်ကရ အမေးအဖြေမျိုးတွေကို ရေးနေတဲ့ ဂျာနယ်လစ်အမည်ခံ မိန်းကလေးတစ်ယောက် လာမေးတဲ့ မေးခွန်းတစ်ခုကို ကြည့်လိုက်ရုံနဲ့တင် ဘယ်လိုအခြေအနေ ဖြစ်နေကြသလဲဆိုတာ ကောင်းကောင်းသိနိုင်ပါတယ်။

## ရသင့်ရထိုက်တာလို့ ထင်မှတ်

ဖျော်ဖြေရေးနယ်ပယ်က မျက်နှာသစ်ကလေးတွေကို အင်တာဗျူးရေးပေး၊ သတင်းနဲ့ ဓာတ်ပုံတွေ များများထည့်ပေးလို့ အဲဒီ မျက်နှာသစ်ကလေးတွေက ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ပေးတဲ့ လက်ဆောင်(ငွေကြေး)ဟာ ကိုယ်တစ်ယောက်တည်းနဲ့ပဲ ဆိုင်သလား၊ အယ်ဒီတာအဖွဲ့တို့၊ ထုတ်ဝေသူတို့နဲ့ပါ ဆိုင်သလားဆိုတဲ့ မေးခွန်း ဖြစ်တယ်။ သူ့ မေးပုံက ရတဲ့ ပိုက်ဆံကို ယူသင့်၊ မယူသင့် မဟုတ်ဘဲ သူများတွေကိုပါ ခွဲဝေပေးရမှာလား ဆိုတာကိုသာ သိချင်တဲ့သဘော ဖြစ်တယ်။ ပိုက်ဆံကတော့ ရသင့်လို့ ရတာပဲလို့ ယူဆထားတဲ့ပုံ ဖြစ်တယ်။

## ဒီလိုပဲ လုပ်နေကြတယ်

ဒီလို ပိုက်ဆံယူတာဟာ လာဘ်ယူတာဖြစ်လို့ လုံးဝ မလုပ်သင့်ဘူးလို့ ပြောလိုက်တော့ ကလေးမက အံ့အားသင့်တဲ့မျက်နှာနဲ့ အားလုံး ဒီလိုပဲလုပ်နေကြတာပဲလို့ ဖြေပါတယ်။ အားလုံး လုပ်ချင်လုပ်ပါစေ၊ ဂျာနယ်လစ် စစ်စစ် ဖြစ်ချင်သူကတော့ မလုပ်ရဘူးလို့ ပြောလိုက်ရပါတယ်။ ကလေးမလေးပြောတာ မှန်ပါတယ်။ စာနယ်ဇင်းလောကမှာ အတော်



များများ ဒီလိုလုပ်နေကြတာ ကြာပါပြီ။ မျက်နှာဖုံးတင်ပေးဖို့အတွက် ငါးသိန်း၊ ခြောက်သိန်းလောက် တောင်းယူပြီး ထုတ်ဝေသူက တစ်ဝက်လောက်ယူ၊ ကျန်တာ အယ်ဒီတာအဖွဲ့ဝင်တွေ ခွဲယူ လုပ်နေကြတာ လုပ်ရိုးလုပ်စဉ် ဖြစ်နေပြီ။ ဒါကို လာဘ်ပေးလာဘ်ယူ လုပ်တာလို့ ဘယ်သူမှ သဘောမထားကြပါဘူး။

## မဖြစ်စလောက်နဲ့လည်း လုပ်တယ်

မျက်နှာဖုံးဓာတ်ပုံလို စိုစိုပိုပိုရတဲ့ဟာမျိုး မပြောနဲ့။ မဖြစ်စလောက်ရတာမျိုးတွေတောင် လုပ်ကြတာပဲ။ ကုမ္ပဏီဖွင့်ပွဲ၊ ကုန်ပစ္စည်း မိတ်ဆက်ပွဲဆိုတာမျိုးလို သတင်းရေးပေး၊ ဓာတ်ပုံထည့်ပေးပြီး လမ်းစရိတ်ဆို စာအိတ်ကလေးနဲ့ ထည့်ပေးလည်း ယူခဲ့တယ်။ စာအုပ်ကလေး နှစ်အုပ်၊ သုံးအုပ်လက်ဆောင်ပေးတာနဲ့လည်း ဖတ်ညွှန်းဆိုပြီး ရေးပေးလိုက်တယ်။ မျက်နှာပြည့် ကြော်ငြာတစ်ခု ထည့်ဖို့အတွက် ဓာတ်ပုံရိုက်မယ်ဆိုရင် ဓာတ်ပုံဆရာနဲ့ မော်ဒယ်ကိုပေးရတာ၊ ဒီဇိုင်းဆရာကို ပေးရတာ၊ ကြော်ငြာခပေးရတာတွေ ပေါင်းလိုက်ရင် အနည်းဆုံး ဆယ်သိန်းလောက်တော့ ကုန်တယ်။ ဂျာနယ်ဆရာကိုသာ တည့်အောင်ပေါင်းထား။ ပိုက်ဆံတစ်ပြားမှ မကုန်ဘဲနဲ့ တစ်မျက်နှာတောင်မက၊ နှစ်မျက်နှာလောက်အထိ ဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ သတင်းရေးပြီး ထည့်ပေးတယ်လို့ ခပ်လည်လည် စီးပွားရေးသမား တစ်ယောက်က ပြောဖူးတယ်။

## ရှက်တတ်ရင် ရှက်စရာ

လူတကာ မျက်ခုံးမွေးပေါ် စကြိုလျှောက်နိုင်တယ်ဆိုတဲ့ စာနယ်ဇင်းသမား ဆိုတာတွေလည်း အထင်ကြီးစရာ မဟုတ်ဘူး။ ခပ်ညံ့ညံ့တွေပါပဲ။ ဆရာ၊ ဆရာလို့သာ များများခေါ်ပေး၊ ဘာခိုင်းခိုင်း ရတယ်လို့ စီးပွားရေးသမားက အထင်ခံရတာ ရှက်တတ်ရင် တော်တော်ကို ရှက်စရာကောင်းတယ်။ အဲဒီလို စီးပွားရေးသမားတချို့ဆိုရင် အင်္ဂလိပ်စကားမပြောနဲ့ ဗမာစကားတောင် ကောင်းကောင်းပြောတတ်ကြတာ မဟုတ်ဘူး။ စီးပွားရေးသမားဆိုတာ အရှက်ရှိတာ မဟုတ်ဘူး။ ပိုက်ဆံသာ ရှယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ကိုင်ခိုင်းလည်း ကိုင်တာပဲလို့ ပြောကြတာ ကြားဖူးတယ်။ အဲဒီလို စီးပွားရေးသမားမျိုးကတောင် ဘာခိုင်းခိုင်း ရတယ်လို့ အပြောခံရတာတော့ ရေမရှိတဲ့ချောင်းထဲ နှာခေါင်းဖော်ပြီး သေဖို့ကောင်းတယ်လို့ပဲ ပြောလိုက်ချင်တော့တယ်။

### ကိုယ့်ပေါင်ကိုယ် လှန်ထောင်းရတာ

ဒီမိုးဒီလေ ဒီလူတွေနဲ့ ဘယ်လိုလုပ်ပြီး စတုတ္ထမဏ္ဍိုင် စိုက်ထူနိုင်မှာလဲ။ အခုမှ စာနယ်ဇင်းလောကထဲ ခြေချခါစ လူငယ်လေးတွေကိုတော့ အကျင့်ဆိုးတွေ မကူးစက်စေချင်ဘူး။ စာနယ်ဇင်းသမားစစ်စစ်တွေ ဖြစ်စေချင်တယ်။ စာနယ်ဇင်းကို ခုတုံးလုပ်ပြီး စီးပွားရှာတဲ့သူ၊ ကိုယ့်သြဇာ ထူထောင်တဲ့သူ၊ ပေါ်ပြူလာဖြစ်အောင်လုပ်သူ စတဲ့စတဲ့ စာနယ်ဇင်းသမားတုတွေ မဖြစ်စေချင်ဘူး။ ဒီလို မကောင်းတဲ့အကျင့်တွေ ကင်းစင်ပါမှ စတုတ္ထမဏ္ဍိုင် ခိုင်ခိုင်မြဲမြဲ စိုက်ထူနိုင်မှာ ဖြစ်တယ်။ စတုတ္ထမဏ္ဍိုင် ကြံ့ခိုင်ပါမှလည်း နေချင့်စဖွယ်ကောင်းတဲ့ တိုင်းပြည် ဖြစ်လာမှာပါ။ ဒါကြောင့် လူငယ်လေးတွေ သန့်ရှင်းစင်ကြယ်စေချင်လို့ အားနာပါးနာနဲ့ ကိုယ့်ပေါင်ကိုယ် လှန်ထောင်းနေရတာ ဖြစ်ပါကြောင်း။

*The Hot News Journal*

*Vol. 1, No. 3, 6 August 2010.*

## ဩဇာရှိချင်ရင် သိက္ခာရှိဖို့ လိုတယ်

ကျောင်းသားဟောင်းတစ်ယောက် လာကန်တော့ရင်း ပြောသွားတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ သိပ်ထူးထူးခြားခြားကြီးတော့ မဟုတ်ပါဘူး။ လူ့သဘာဝကို လေ့လာတဲ့အခါမှာ အထောက်အကူပြုမယ် ထင်လို့ပါ။

### သဘော်ာအင်ဂျင်နီယာလေး

တပည့်က စင်ကာပူမှာနေတာ ၁၅ နှစ် ကျော်ပါပြီ။ အလုပ်သမားတွေ ၂၀၀၀ ကျော်ရှိတဲ့ သင်္ဘောကျင်းတစ်ခုမှာ အင်ဂျင်နီယာဖြစ်တယ်။ လွန်ခဲ့တဲ့ ၅ နှစ်လောက်က မိတ်ဆွေတစ်ယောက်ရဲ့ အကူအညီတောင်းမှုကြောင့် ဂျိတီအိုင်ဆင်း မြန်မာလူငယ်တစ်ယောက်ကို အာမခံပြီး အလုပ်သွင်းပေးခဲ့တယ်။ ၂ နှစ်လောက်ကြာတော့ လူငယ်ရဲ့ ကြိုးပမ်းမှုကြောင့် သူ့ဌာနမှာ အလုပ်ကြပ်ကလေးတစ်ယောက် ဖြစ်လာတယ်။ အလုပ်သမားအားလုံးက သူ့ကို ခင်ကြတယ်။ သူ့စကား နားထောင်ကြလို့ အလုပ်တွင်တယ်။ အထက်လူကြီးတွေကလည်း သဘောကျတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အချိုးပြောင်းသွားတယ်

သူ့လုပ်သက် ၂ နှစ်ပြည့်သွားတော့ သူ့ဌာနမန်နေဂျာက သူ့ကို ဖိုမင်ရာထူးအဆင့်မျိုးကို ပေးလိုက်ပြီး ပီအာရအောင် ထောက်ခံပေးလိုက်တယ်။ ဇာတ်လမ်းက အဲဒီမှာ စတာ။ ရာထူးတိုး၊ ပီအာရပြီးကတည်းက သူ အချိုးပြောင်းသွားတယ်။ အရင်လို အလုပ်သမားတွေနဲ့ ဝိုင်းဖွဲ့ပြီး တဝါးဝါး တဟားဟား သိပ်မလုပ်တော့ဘူး။ မန်နေဂျာအခန်းကို မကြာခဏ ဝင်ထွက်နေပြီး အတော်လည်း ရင်းနှီးနေတယ်။ နောက်တော့ တစ်နေ့ သုံးခေါက်လောက် မန်နေဂျာအခန်း ဝင်ထွက်သွားလာ လုပ်နေတော့တယ်။ တပည့်ဖြစ်သူနဲ့က ဌာနချင်းမတူတော့ သိပ်တော့ မတွေ့ရတော့ဘူး။

## ဝိုင်းရိုက်တာ ခံရ

တစ်ခါတော့ အဲဒီ မြန်မာလူငယ်လေး အရိုက်ခံရတယ်။ အလုပ်ခွင်ထဲမှာ အလုပ်သမားတွေ ဝိုင်းရိုက်လိုက်တာပါ။ ဆေးရုံတွေ၊ ဘာတွေ တင်ရတဲ့အထိဖြစ်လို့ တပည့်ဖြစ်သူက သွားကြည့်ပြီး အားပေးရပါတယ်။ နောက်တော့ အဲဒီကိစ္စ ဌာနအတွင်း စစ်ဆေးရေးလုပ်ရာမှာ တပည့်ဖြစ်သူက ပါဝင် စစ်ဆေးရတယ်။ အလုပ်သမား အားလုံးလောက်နီးပါးက အရိုက်ခံရသူအပေါ်ပဲ အပြစ်တင်ကြတယ်။ သူ ရာထူးတက်သွားပြီးကတည်းက အလုပ်သမားအပေါ်မှာ မောက်မောက်မာမာ ဆက်ဆံပြီး အချိန်ရသမျှ မန်နေဂျာရုံးခန်းကိုသွားပြီး မျက်နှာလိုအားရ လုပ်နေတဲ့အကြောင်း၊ အဲဒါကြောင့် အလုပ်တွေ လစ်ဟင်းတဲ့အခါ အလုပ်သမားတွေကို ပုံချကြောင်း တညီတညွတ်တည်း ထွက်ဆိုခဲ့ကြတယ်။

## အရိုက်ခံရသူ အထုတ်ခံရ

လူငယ်လေး ဆေးရုံမှာ နှစ်ပတ်လောက်ကြာပြီး ပြန်ဆင်းလာတော့ သူ့ကိုလည်း စစ်တယ်။ သူကတော့ ဘာမှ မပြောမဆိုနဲ့ ဝိုင်းရိုက်ကြတာ၊ ဘာကြောင့်ဆိုတာတော့ မသိဘူးလို့ပဲ ဖြေနိုင်တယ်။ နောက်တစ်လအကြာမှာ လူငယ်လေးကို အလုပ်က ရပ်စဲလိုက်ပါတယ်။ အဲဒီတော့ လူငယ်လေးက မခံမရပ်နိုင်ဖြစ်ပြီး တပည့်ဖြစ်သူကို ရင်ဖွင့်ပါတယ်။ တရုတ်တွေ မတရားဘူး၊ သိပ်လူဝါးဝတယ်လို့လည်း ပါးစပ်ကပဲ တတွတ်တွတ် ရွတ်နေပါတယ်တဲ့။ သူဟာ မန်နေဂျာကခိုင်းလို့ အလုပ်သမား ခိုတာ၊ ကပ်တာတွေကို အမြဲမှတ်သား တင်ပြပေးရုံမက မန်နေဂျာခိုင်းသမျှ ကိုယ်ရေးကိစ္စနဲ့ အိမ်ကိစ္စ မှန်သမျှကိုလည်း အမြဲတမ်း လုပ်ကိုင်ပေးခဲ့ကြောင်း၊ တနင်္ဂနွေနေ့တိုင်း သူ့အိမ်သွားပြီး သန့်ရှင်းရေးလုပ်ပေးကြောင်း၊ ဒါတောင် ပြဿနာဖြစ်လာတော့ သူ့ဘက်က ရပ်တည်မပေးတာကို လုံးလုံးမကျေနပ်တဲ့အကြောင်းတွေကို ပြောပြပါတယ်တဲ့။



## 'စ'လုံးတွေ လုပ်နေကျပါ

'သူက အလုပ်သမားတွေအပေါ်မှာ ဩဇာညောင်းနေတုန်းကတော့ သူ့ကို လက်သပ်မွေးပြီး အလုပ်သမားတွေငြိမ်အောင် ထိန်းခိုင်းတာပေါ့။ အလုပ်သမားတွေအပေါ် သူ့ဩဇာ မရှိတော့ဘူး၊ အလုပ်သမားတွေက သူ့ကို မနှစ်မြို့တော့ဘူးဆိုတာ သိရှိတော့ ကန်ထုတ်လိုက်တာပါပဲ။ 'စ' လုံးကောင်တွေက ဒီလိုလုပ်နေကျပါ။ ဒီကောင်လေးက လူရည်မလည်လို့ အရိုက်လည်းခံရ၊ အလုပ်လည်း ပြုတ်ရတာပါ'

အနေကြာပြီး အလုပ်ထဲမှာ ဝါရင့်နေပြီဖြစ်တဲ့ တပည့်ဖြစ်သူက ကောက်ချက်ချလိုက်တာပါ။ မှန်ပါတယ်။ ဒါဟာ အလုပ်ရှင်တွေရဲ့သဘာဝပဲ။ အလုပ်သမား အချင်းချင်းအတူတူ သူတို့သဘောကျတဲ့သူကို မျက်နှာသာပေးပြီး အလုပ်သမားတွေကို ထိန်းခိုင်းတယ်။ အလုပ်သမားတွေအပေါ် ဩဇာမရှိတော့ဘူးဆိုရင် ဘယ်သုံးတော့မှာလဲ။ ကန်ထုတ်ပစ်လိုက်တာပေါ့။ အလုပ်မှာ 'ဆွေမျိုးမရှိဘူး' ဆိုတဲ့စကား အရှိသား မဟုတ်လား။

## ကိုကိုးကျွန်းရောက် ထူးဆန်းသူတစ်ယောက်

တပည့်ပြောပြတဲ့ ဇာတ်လမ်းကို ကြားပြီးတဲ့အခါ လူတစ်ယောက် မျက်နှာကို ဒိုင်းခနဲ ပြေးမြင်လိုက်မိတယ်။ ကိုကိုးကျွန်းကို အတူပါလာတဲ့ ထူးဆန်းတဲ့ လူတစ်ယောက်ရဲ့ မျက်နှာပါ။ သူက မန္တလေးထောင်က ပါလာတဲ့ လမ်းစဉ်ပါတီ မြို့နယ်အဆင့် တစ်ယောက်ပါ။ လမ်းစဉ်ပါတီဆိုဆန့်ကျင်သူလို့ ယူဆသူတွေကို ဖမ်းဆီးရာမှာ ထူးထူးဆန်းဆန်း သူက

www.burmeseclassic.com

www.burmeseclassic.com



ပါလာတာပါ။ ကြားရတာတော့ ပါတီထဲမှာနေရင်း ဟိုတိုင်ဒီတိုင် တိုင်စာတွေ ရေးလွန်းအားကြီးလို့ ဘယ်သူနဲ့မှမတည့် ဖြစ်နေတာကြောင့် တိုင်းဒေသ ပါတီက ဆွဲခိုင်းလိုက်တာလို့ ဆိုပါတယ်။ ဟုတ်၊ မဟုတ်တော့ မသိပါဘူး။

**အိုးခွဲစားသူ**

ကိုကိုးကျွန်း ရောက်တော့လည်း သူ့ကိုယ်သူ လမ်းစဉ်ပါတီကလို့ ကြေညာပြီး တစ်ယောက်တည်း ချက်စားပါတယ်။ လူအများနဲ့ ရောနှောရောစားရင် ထောင်အာဏာပိုင်များက သူ့ကို အမြင်မှားမှာစိုးလို့ဆိုပြီး တစ်ယောက်တည်း အိုးခွဲစားတာ ရောက်ကတည်းကပါပဲ။ ကိုကိုးကျွန်းကို ဖျက်သိမ်းပြီး အင်းစိန် ပြန်ပို့တော့ တစ်ဆောင်တည်း နေရပါတယ်။ ဘယ်သူနဲ့မှ မပေါင်းပါဘူး။ တစ်ယောက်တည်းပဲ နေပါတယ်။ နောက်တော့ ကျွန်းပြန်တွေ တစ်သုတ်ပြီးတစ်သုတ် ဆိုင်ရာက လာတွေ့ပြီး ဆွေးနွေးတယ်။ သူ့ကို လာခေါ်နိုးခေါ်နိုးနဲ့ တစ်မျှော်တည်း မျှော်ပေမယ့် ဘယ်သူကမှ သူ့ကို ခေါ်မတွေ့ပါဘူး။ နောက်တော့ လေထီးဦးအုန်းမောင်လို၊ ဆရာရာဂျန်လို ထိပ်သီးတွေကအစ ဆရာဇန်းမော်တင်အောင်လို၊ ဆရာမြသန်းတင့်လို စာရေးဆရာတွေအဆုံး တစ်သုတ်ပြီးတစ်သုတ် လအနည်းငယ်စီ ခြားပြီး လွှတ်တော့လည်း သူ မပါဘဲ ကျန်ရစ်ပါတယ်။

**တစ်ယောက်တည်း ကျန်ရစ်သူ**

နောက်ဆုံး သူအပါအဝင် ကျွန်တော်တို့ လေးယောက်ပဲ အဆောင်ကြီး တစ်ခုလုံးမှာ ကျန်နေရစ်တာတောင် ထမင်းအတူ ဝိုင်းမစားပါဘူး။ အတတ်နိုင်ဆုံး ကျွန်တော်တို့နဲ့ ဝေးဝေးနေပါတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် ထွက်လာလို့ ကျွန်တော်တို့ နောက်ဆုံးကျန် ကျွန်းပြန်လေးငါးယောက် လွှတ်လာခဲ့ပါတယ်။ အဲဒီလူ အဆောင်ထဲမှာ တစ်ယောက်တည်း မျက်နှာသေကလေးနဲ့ ကျန်နေရစ်ပါတယ်။ အဲဒီ မျက်နှာသေကို ဒီနေ့အထိ မျက်စိထဲမှာ မြင်ယောင်နေပါသေးတယ်။ ကျွန်းက ပြန်ရောက်ကြတော့လည်း သူက တစ်ယောက်တည်းနေပြီး ဘယ်သူနဲ့မှ



စကားမပြောပါဘူး။ ဝန်ထမ်းတွေလာမှပဲ မျက်နှာချိုသွေးပြီး စကားပြောပါတယ်။ ရက်အတော်ကြာလာတော့ အကြောင်းသိသွားကြပြီး ဝန်ထမ်းတွေက သူကပ်လာရင် မျက်နှာကြောတင်းတင်းနဲ့ ကြိမ်းမောင်းလွှတ်ကြပါတယ်။ အဲဒီအခါများမှာလည်း သူက မျက်နှာသေလေးနဲ့ပါပဲ။

**အသက်ရော ဝါပါ ကြီးပေမယ့်**

ကျွန်တော်တို့အားလုံး လွှတ်ငြိမ်းချမ်းသာခွင့်နဲ့ လွှတ်ပြီး နှစ်လ၊ သုံးလကြာမှ သူ ပြန်လွှတ်တယ်လို့ ကြားရပါတယ်။ အမှုတွဲမတွေ့လို့ လွှတ်မပေးတာလို့ သိရတယ်။ ကိုကိုးကျွန်းရောက်ချိန်က ကျွန်တော်တို့ အသက်က ၃၀ တောင် မရှိသေးပါဘူး။ လူငယ်အရွယ်ပါ။ အဲဒီပုဂ္ဂိုလ်က အသက် ၅၀ လောက် ရှိနေပါပြီ။ ပြည်သူ့ရဲဘော်အဖြစ် တောခိုခဲ့ပြီးမှ လက်နက်ချလာခဲ့သူ ဖြစ်ပါတယ်။ လမ်းစဉ်ပါတီ မြို့နယ်အဆင့်တစ်ဦးလည်းဖြစ်တော့ အသက်ရောဝါပါ ကြီးတဲ့သူ ဖြစ်တယ်။ ဒါပေမယ့် လေးစားအောင် မနေတော့ ဘယ်ဘက်ကမှ သူ့ကို မလေးစားပါဘူး။

**ဖားလွန်းသူကို မလေးစားဘူး**

စင်ကာပူ သင်္ဘောကျင်းက အလုပ်ပြုတ်သွားတဲ့ လူငယ်လည်း လေးစားအောင် မနေလို့ ဘယ်ဘက်ကမှ မလေးစားဘဲ မျောက်သစ်ကိုင်းလွှတ် ဖြစ်သွားရတာပါ။ သူဟာ အလုပ်သမားတွေက ချစ်ခင်ကြတဲ့ အလုပ်ကြပ်တစ်ယောက် ဖြစ်တယ်။ ပညာ အရည်အချင်းလည်း ရှိတယ်။ ဒါပေမယ့် ရာထူးတိုးသွားတဲ့အခါကျတော့ အောက်ကိုမောက်မာပြီး အထက်က မန်နေဂျာကို အဖားလွန်းသွားတယ်။ အလုပ်သမားတွေအပေါ် သြဇာညောင်းနေစဉ်က သူ့ကို သဘောကျလေးစားတဲ့ မန်နေဂျာဟာ နောက်တော့ သူက ဖားလွန်းတာကြောင့် သူ့ကို ခိုင်းရင်းခိုင်းရင်းနဲ့ပဲ ခိုင်းဖတ်လိုပဲ သဘောထားတော့တယ်။ လေးစားမှုဆိုတာ နည်းနည်းလေးမှ မရှိတော့ဘူး။ ဖားလွန်းတော့ အောက်က အလုပ်သမားတွေကလည်း မျက်စိ စပါးမွေးစူးတာပေါ့။ အလုပ်သမားတွေအပေါ် သြဇာမရှိတော့ဘူးဆိုမှတော့ ဘယ်အလုပ်ရှင်က သူ့ကို ဆက်ပြီး ထားတော့မှာလဲ။ သဘာဝ ကျပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



### ကိုယ်လုပ်မှ ကိုယ်ရ

ဩဇာတို့၊ သိက္ခာတို့ဆိုတာ ကိုယ့်ဟာကိုယ် လုပ်ယူရတာ ဖြစ်တယ်။ အချောင်မရနိုင်ဘူး။ ကိုယ့်သိက္ခာကိုယ် လေးလေးစားစား တည်ဆောက်မှ ဩဇာဆိုတာ ရှိလာနိုင်တာပါ။ ကိုယ့်သိက္ခာကိုယ် တန်ဖိုးမထားတဲ့ သူမျိုးကို ဘယ်သူကမှ အထင်မကြီးပါဘူး။ မလေးစားပါဘူး။ အထင်မကြီး မလေးစားရင် ဩဇာဆိုတာ မရှိနိုင်ဘူး။ ဩဇာရှိချင်ရင် သိက္ခာရှိဖို့ လိုတယ်လို့ နောက်ဆုံး ပြောလိုက်ချင်ပါတယ်။

*The Hot News Journal*

*Vol. 1, No. 4, 13 August 2010.*

## ပရဟိတစစ်စစ် လုပ်ငန်းများ တိုးပွားလာပါစေ

ကျန်းမာရေး မဂ္ဂဇင်း၊ ဂျာနယ်တွေ ပေါ်ထွက်လာခြင်းနဲ့အတူ စာရေးတဲ့ ဆရာဝန်တွေလည်း အများကြီး ပေါ်ထွက်လာတာကို ဝမ်းသာစရာတွေ့ရတယ်။ ဆရာဝန်စာရေးဆရာများရဲ့ ပညာပေးမှု ကျေးဇူးကြောင့် မြန်မာလူမျိုးတွေ ကျန်းမာရေးကို ပိုပြီး ဂရုစိုက်လာကြတယ်။

### သွားနာမှ ဆရာဝန်ပြ

မနေ့တစ်နေ့ကအထိကို မြန်မာလူမျိုးများဟာ သွားနာမှ ဆရာဝန်ဆီ သွား၊ တီဗီကြည့်ရတာ မှုန်ဝါးဝါးဖြစ်မှ မျက်စိဆရာဝန်ဆီသွား လုပ်လေ့ ရှိကြတယ်။ တစ်ကိုယ်လုံး ကျန်းမာရေးစစ်ဆေးတယ် ဆိုတာမျိုး လုပ်လေ့လုပ်ထ မရှိကြဘူး။ အခုတော့ ဘာကလေးဖြစ်လိုက်ဖြစ်လိုက် ဘန်ကောက် သွားကုရတာနဲ့၊ စင်ကာပူ သွားကုရတာနဲ့ တော်တော်ကို ကျန်းမာရေး ဂရုစိုက်ကြတာ တွေ့ရတယ်။ ကျန်းမာရေး ပညာပေးစာတွေ ရေးကြတဲ့ စာရေးဆရာများကို ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ သူတို့ကြောင့် ကျန်းမာရေးအသိတွေ တိုးလာရတာ။

www.burmeseclassic.com

www.burmeseclassic.com



## ခေတ်ပေါ် လော်ပန်

တစ်နေ့ကပဲ မိုးညှင်း၊ မိုးကောင်းဘက်က မိတ်ဆွေတစ်ယောက် စင်ကာပူအသွား ဝင်လာနှုတ်ဆက်တယ်။ ဆီးလမ်းကြောင်း ကျောက်တည်တာ သွားကုမလို့လို့ ပြောတယ်။ ဇနီးနဲ့ သမီးနှစ်ယောက် အဖော်ပါတယ်။ သူက ခေတ်ပေါ်လော်ပန် ဖြစ်နေတော့ သွားနိုင်တာပေါ့။ ကျောက်တည်တာ လောက်တော့ မြန်မာပြည်မှာကုလည်း ရနေတာပဲလို့ပြောတော့ ၉ တန်း တက်နေတဲ့ မြေးကလေးအတွက် ကျောင်းလည်းစုံစမ်းရင်းမို့ သွားလိုက်တာလို့ ပြန်ပြီးရှင်းပြတယ်။ နယ်မှာနေတယ်ဆိုပြီး အထင်မသေးနဲ့။ ဂျာနယ်တွေ အမြဲဖတ်နေတော့ စင်ကာပူကျောင်းတွေ အကြောင်းလည်း ကောင်းကောင်းသိထားတယ်။

## ဂျာနယ်တွေရဲ့ ကျေးဇူး

ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ကောင်းကျိုး ဘာတွေရှိတယ်ဆိုတာ မသိပေမယ့် ဂျာနယ်တွေရဲ့ ကျေးဇူးကြောင့် မြန်မာပြည်မှာ မြို့နဲ့ နယ် ကွာဟချက် ကျဉ်းမြောင်းသွားတာတော့ လက်တွေ့ပဲ။ ရန်ကုန်ကလူတွေရဲ့ သားသမီးတွေပဲ စင်ကာပူ ကျောင်းသွားတက်နိုင်တာ မဟုတ်ဘူး။ နယ်မှာရှိတဲ့ ကလေးတွေလည်း မိဘ ပိုက်ဆံရှိရင် ဘိလပ်အထိတောင်သွားပြီး ကျောင်းတက်နိုင်ကြတာ တွေ့ရတယ်။ ကိုယ့်အနားဝန်းကျင်က ဘိလပ်သွားသူ၊ စတီတ်သွားသူ၊ စင်ကာပူသွားသူတွေပဲ မနည်းတော့ဘူး။ နိုင်ငံခြားကျောင်းတွေအကြောင်း ကောင်းကောင်းရေးပေးကြတဲ့ ဂျာနယ်တွေကို ကျေးဇူးတင်ရမှာပါပဲ။

## ပရဟိတ လူငယ်လေးများ

ကျန်းမာရေး မဂ္ဂဇင်းတစ်စောင်ဖတ်ပြီး ဂျာနယ်၊ မဂ္ဂဇင်းများရဲ့ ကျေးဇူးတရားတွေကို ဆင်ခြင်တွေးတောနေဆဲမှာပဲ လူငယ်လေး ၅ ယောက် ဝင်လာကြတယ်။ သိပေါင်းကျွမ်းပေါင်း လူငယ်လေးတွေပါ။ သူတို့လေးတွေက နာဂစ်မှာ ကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်ရင်း ခင်မင်ရင်းနှီးခဲ့ကြသူတွေ ဖြစ်တယ်။ နာဂစ်ပြီးသွားတော့ ကယ်ဆယ်ရေးကနေ ကူညီ



ရေးဘက်ကို ပြောင်းလုပ်ကြတယ်။ ချို့တဲ့တဲ့ ပရဟိတ ဘုန်းတော်ကြီးကျောင်းတွေက ကလေးသူငယ်တွေအတွက် အဝတ်အထည်နဲ့ ထီး၊ ဖိနပ်တွေ၊ စာကြည့်တိုက်အတွက် ဂျာနယ်၊ မဂ္ဂဇင်းနဲ့ ရုပ်ပြစာအုပ်တွေ၊ ဝတ္ထုစာအုပ်တွေ လိုက်လံစုဆောင်းပြီး ဝေငှပေးနေကြသူတွေ ဖြစ်ကြတယ်။

## ဆိုင်းဘုတ်မရှိတဲ့ လူငယ်တွေ

သူတို့လေးတွေထဲမှာ တက္ကသိုလ်ကျောင်းသူကျောင်းသားတွေ ပါတယ်။ လုပ်ငန်းခွင်မျိုးစုံက လူငယ်လေးတွေလည်း ပါတယ်။ ဘာအဖွဲ့မှ ဖွဲ့မထားဘူး။ ဘာဆိုင်းဘုတ်မှလည်း တပ်မထားဘူး။ အဖွဲ့ဝင်ဆိုတာလည်း မရှိဘူး။ စေတနာရှိသူ ဘယ်သူမဆို လုပ်နိုင်တယ်။ အားတဲ့သူတွေက သူတို့အားသလို စာလိုက်သင်သူက သင်ပေးတယ်။ ကွန်ပျူတာ တတ်သူက ကွန်ပျူတာသင်ပေးတယ်။ တချို့က နီးစပ်ရာလိုက်ပြီး စာအုပ်တွေ၊ အဝတ်အထည်တွေ စုတယ်။ ဘယ်သူ့ဆီကမှ အလှူမခံဘူး။ စေတနာရှိလို့ လာလှူရင် လက်ခံတယ်။ တော်တော်များများ စုဆောင်းမိတဲ့အခါများမှာ နယ်တွေကိုဆင်းပြီး ဝေငှကြတယ်။

## ခေါင်းဆောင်မရှိ၊ နောက်လိုက်မရှိ

သူတို့မှာ ခေါင်းဆောင် မရှိဘူး။ နောက်လိုက် မရှိဘူး။ ဘာတာဝန်သတ်မှတ်ချက်မှလည်း မရှိဘူး။ ကိုယ့်သဘောနဲ့ကိုယ် လုပ်နိုင်တဲ့အခါလုပ်၊ မလုပ်နိုင်တဲ့အခါ မလုပ်ဘဲနေ ဆိုတဲ့သဘောမျိုးနဲ့ လုပ်ကိုင်နေကြတာဆိုတော့ စကားများစရာလည်း အကြောင်းမရှိတော့ဘူး။ နယ်တွေဘာတွေ သွားတော့လည်း ကိုယ့်စရိတ်နဲ့ကိုယ် သွားကြတာဖြစ်လို့ ဘာအရှုပ်အရှင်းမှ မရှိဘူး။ သူတို့က အဲဒီလောက် ရှင်းတာ။ ပရဟိတဆိုမှ တကယ့်ကို ပရဟိတစစ်စစ်။ လူငယ်လေးတွေဖြစ်ပေမယ့် ကြည်ညိုစရာကောင်းလှပါတယ်။

## တောင်ပေါ်ဒေသအထိ သွားကြ

အဲဒီလူငယ်လေးတွေက နယ်ကို ထွက်တော့မယ်ဆိုရင် ကြိုတင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အသိပေးထားလို့ ကိုယ်စုနိုင်တာလေးတွေ စုဆောင်းထားရတယ်။ နောက်တော့ ကြုံတဲ့လူက ဝင်ယူသွားတာပါပဲ။ အထည်စက်ရုံရှိတဲ့ တပည့်ကျောင်းသူကျောင်းသားတွေကလည်း အဝတ်အထည်သစ်တွေ၊ အထုပ်ကြီး၊ အထုပ်ငယ်တွေနဲ့ လာလှူထားတတ်ပါတယ်။ သူတို့ လှူငယ်တွေက မြစ်ဝကျွန်းပေါ်ဒေသတွေသာမက အထက်အညာဒေသနဲ့ တောင်ပေါ်ဒေသတွေအထိပါ သွားကြတယ်။ ပရဟိတ ဘုန်းတော်ကြီးကျောင်းတွေ အနယ်နယ် အရပ်ရပ်မှာ အများအပြား ပေါ်ထွက်လာကြပြီး ကလေးတွေ တစ်ရာနှစ်ရာကနေ လေးငါးရာအထိရှိတဲ့ ကျောင်းကြီးတွေတောင် ရှိတယ်လို့ သိရပါတယ်။

## စာတတ်မှု အမြင့်ဆုံးနိုင်ငံ

ဘုန်းတော်ကြီးကျောင်းများဟာ မြန်မာ့ပညာရေးနယ်ပယ်ရဲ့ အခြေခံ ကျောရိုးအဖြစ် တည်ရှိနေခဲ့တာ ရှေးပဝေသဏီကတည်းက ဖြစ်တယ်။ အင်မတန် ကျေးဇူးကြီးတယ်။ ဘုန်းတော်ကြီးကျောင်းများရဲ့ ကျေးဇူးကြောင့် ကိုလိုနီခေတ်အခါက အာရှတိုက်တစ်ခွင်လုံးမှာ မြန်မာနိုင်ငံဟာ စာတတ်မြောက်မှု ရာနှုန်း အမြင့်ဆုံးနိုင်ငံအဖြစ် တည်ရှိခဲ့တယ်။ တောကြို အုံကြားက လယ်သူမကြီးတွေအထိ ကိုယ့်နာမည် မရေးတတ်လို့ ကြက်ခြေခတ်ရတယ် ဆိုတာမျိုး မရှိခဲ့ဘူး။ အစဉ်အလာအရ ရွာမှန်ရင် ဘုန်းကြီးကျောင်းလွှတ် စာသင်ကြတယ်။ မိန်းကလေး၊ ယောကျ်ားလေး မရွေး ဘယ်သူမဆို ဆယ်စောင်တွဲတစ်အုပ် ကုန်အောင်တော့ သင်ဖူးကြတာချည်း ဖြစ်တယ်။

## စုံစမ်းရေးကော်မရှင်ဖွဲ့ စစ်ဆေး

မြန်မာတစ်ပြည်လုံးကို အင်္ဂလိပ်တွေ သိမ်းပိုက်ပြီးတဲ့အခါမှာ သူတို့ရဲ့ အုပ်ချုပ်ရေးယန္တရားမှာ သုံးဖို့ အောက်ခြေဝန်ထမ်းတွေ လိုအပ်လာတယ်။ အဲဒီအတွက် စာသင်ကျောင်းတွေ လိုအပ်တယ်။ ဘယ်လို စာသင်ကျောင်းမျိုးတွေ ဖွင့်သလဲဆိုတာ စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး တစ်နိုင်ငံလုံး လှည့်လည် စုံစမ်းစစ်ဆေးတယ်။ အဲဒီအဖွဲ့ အစီရင်ခံစာကို အဖွဲ့ခေါင်းဆောင်ရဲ့ နာမည်ကို ရည်ညွှန်းပြီး 'ကင်းဘဲအစီရင်ခံစာ' (Cambell Report) လို့ ခေါ်တယ်။ မြန်မာနိုင်ငံ ကျေးလက်တောရွာတွေအထိ လူအများစုကြီးဟာ စာအရေးအဖတ် တတ်ကြတယ်။ အကြောင်းရင်းက ဘုန်းတော်ကြီးကျောင်းများကြောင့် ဖြစ်တယ်။ အဲဒါကြောင့် အစိုးရက ချမှတ်မယ့် ပညာရေးစနစ်မှာ လက်ရှိ ဘုန်းတော်ကြီးကျောင်းများကိုပါ ထည့်သွင်းသင့်တယ်လို့ တင်ပြခဲ့တယ်။ အဲဒါကြောင့် အစိုးရကျောင်းများနဲ့အတူ ဘုန်းတော်ကြီးကျောင်းများကိုပါ အစိုးရ အသိအမှတ်ပြုကျောင်းများအဖြစ် ထည့်သွင်းရေးဆွဲခဲ့တယ်။



## ကျွန်လို ခိုင်းစားခံရဖို့

အဲဒီအချိန်အခါက အာရှတိုက် ဘယ်နိုင်ငံမှာမှ အမျိုးသမီးတွေ စာသင်ကြားခွင့် မရကြသေးဘူး။ စာသင်ကြားခွင့်သာ မဟုတ်ဘူး။ တခြား ဘာအခွင့်အရေးမှလည်း မိန်းမတွေ ခံစားခွင့် မရှိကြဘူး။ မိန်းကလေးတွေ မွေးလာတာ မိဘများ ကံဆိုးမိုးမှောင်ကျတာပဲလို့ ယူဆကြတယ်။ အရွယ်မတိုင်ခင် ကလေးဘဝကတည်းက ယောကျ်ားရှာပေးစားလေ့ ရှိတယ်။ ယောကျ်ားပေးစားတယ်သာ နာမည်ခံတာ။ တကယ်တော့ ကျွန်အဖြစ် ခိုင်းစားဖို့ ပေးလိုက်တာပါ။ ကြေကွဲစရာကောင်းတာက ကိုယ့်သမီးကို ကျွန်လိုခိုင်းမယ့် ယောကျ်ားမိသားစုကို ကိုယ်က ပိုက်ဆံနဲ့ ပစ္စည်းဥစ္စာ 'အတင်'ပေးပြီး ထည့်ရတဲ့ကိစ္စ ဖြစ်တယ်။

## မိန်းမတွေ ငွေကိုင်

မြန်မာလူမျိုးကတော့ အဲဒီလိုခွဲခြားမှု လုံးဝမရှိတာကြောင့် ရှေးခေတ်အခါကတည်းက မိန်းကလေးတွေ စာသင်ကြားနိုင်ကြတယ်။ အိမ်ထောင်စုမှာ ဆိုရင်လည်း မိန်းမတွေ ငွေကိုင်သုံးစွဲရတဲ့ အိမ်ထောင်ထိန်း ဖြစ်ကြတယ်။ မြန်မာလူမျိုးဖြစ်ရတာ အင်မတန် ကံကောင်းတယ်။ တခြား ဘယ်နိုင်ငံမှ မိန်းကလေးများဟာ ယောကျ်ားလေးတွေနဲ့အတူ ဘုန်းကြီးကျောင်းမှာ စာသင်ကြားခွင့် မရကြပါဘူး။ မြန်မာဘုန်းတော်ကြီးများရဲ့ ကျေးဇူးကြောင့် မြန်မာမိန်းကလေးများ စာသင်ကြားခွင့်ရပြီး မြန်မာနိုင်ငံဟာ ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ စာတတ်မြောက်မှု အမြင့်ဆုံးနိုင်ငံ အနည်းငယ်ထဲက တစ်ခုအဖြစ် ပါဝင်ခဲ့တာပါ။ အာရှတိုက်မှာတော့ မြန်မာနိုင်ငံက နံပါတ်တစ် ဖြစ်ပါတယ်။

**အဓိက အားထားစရာ**

အခုလို ဂလိုဘယ်ခေတ်၊ အင်တာနက်ခေတ်၊ ပညာခေတ်ဆိုတဲ့ ခေတ်ကြီးထဲ ရောက်နေတဲ့အထိလည်း ဘုန်းတော်ကြီးကျောင်းများဟာ မြန်မာနိုင်ငံရဲ့ ပညာရေးမှာ အရေးကြီးတဲ့ကဏ္ဍက ပါဝင်နေဆဲ ဖြစ်တယ်။ ပညာသင်ကြားရေးမှာသာ မဟုတ်ပါဘူး။ မိဘနဲ့ ခိုကိုးရာမဲ့ ကလေးများကို ထိန်းသိမ်းစောင့်ရှောက်တဲ့ လူမှုရေးလုပ်ငန်းများမှာလည်း ပရဟိတ ဘုန်းတော်ကြီးကျောင်းများဟာ အဓိက အားကိုးအားထားပြုစရာအဖြစ် ရှိနေကြပါတယ်။ အဲဒီ ပရဟိတ ဘုန်းတော်ကြီးကျောင်းများကို ရှင်သန်အောင် ပိုင်းဝန်းကူညီသူများက စေတနာရှင် ပြည်သူပြည်သားများနဲ့ ပရဟိတ လူငယ်လေးတွေ ဖြစ်ကြပါတယ်။

**ဆုတောင်းမေတ္တာပို့ပါတယ်**

တချို့ ဘုန်းတော်ကြီးကျောင်းများကတော့ ပညာရေးအတွက်သာ အားကိုးအားထားပြုရတာ မဟုတ်ပါဘူး။ ကျန်းမာရေးအတွက်ပါ အားကိုးကြရပါတယ်။ စစ်ကိုင်း သီတဂူဆေးရုံ၊ ဝါးချက်ဆေးရုံ စတဲ့ ဆေးရုံကြီးများဆိုရင် မျက်စိခွဲစိတ်ကုသမှုမျိုးတွေအထိ အခမဲ့ ဆောင်ရွက်ပေးနေတာကြောင့် ပြည်သူများအတွက်တော့ မြို့ကြီးပြကြီးတွေက အထူးကုဆေးခန်းကြီးများထက်တောင် အားကိုးအားထားပြုကြပါတယ်။ ပရဟိတ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများနဲ့ စေတနာရှင် ပရဟိတ လူငယ်စစ်စစ်များ တိုးပွားသထက် တိုးပွားပါစေ၊ အခွန့်ရှည်ပါစေ၊ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ် ခင်ဗျား။

*The Hot News Journal*

*Vol. 1, No. 5, 26 August 2010.*

# စေတနာကြောင့် ဝေဒနာ မဖြစ်စေချင်ပါ

အသက် ၇၀ ပြည့်တဲ့ မွေးနေ့ကိုတော့ တိတ်တိတ်ဆိတ်ဆိတ်နဲ့ အေးအေးဆေးဆေး ကျော်ဖြတ်ရလိမ့်မယ်လို့ ထင်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ စုစုဝေးဝေး လာကန်တော့ချင်ကြတဲ့ ကျောင်းသူကျောင်းသားဟောင်းတွေနဲ့ ရင်းနှီးတဲ့ စာပေနယ်သားတွေအားလုံးကို လုပ်လည်း မလုပ်ကြပါနဲ့၊ စုဝေးပြီးလည်း မလာကြပါနဲ့၊ လုပ်ရင် စိတ်ဆိုးရလိမ့်မယ်လို့ ကြိုတင်ပြောထားပြီးလို့ ဖြစ်တယ်။

**မေတ္တာ၊ စေတနာတွေ**

ဒါလည်း မအေးဆေးရပါဘူး။ မနက် အိပ်ရာမနိုးခင်ကတည်းက နေ့နဲ့ည ဆန့်ကျင်ဘက်ဖြစ်တဲ့ဒေသရောက် ကျောင်းသူကျောင်းသားဟောင်းတွေက တစ်ယောက်ပြီးတစ်ယောက် ဖုန်းတွေဆက်ပြီး နှုတ်ဆက်ကြတယ်။ နောက်တော့ ရန်ကုန်မှာ ရှိနေသေးတဲ့ တပည့်တွေ တစ်ယောက်ချင်းစီ ရောက်လာ၊ ကန်တော့ကြတယ်။ နေ့ခင်းဘက်ရောက်တော့ စာရေးဆရာ၊ ကဗျာဆရာတစ်စု အတန်တန် တားထားတဲ့ကြားက ရောက်လာ၊ နှုတ်ဆက်ကြသေးတယ်။ အားလုံးရဲ့ မေတ္တာ၊ စေတနာတွေကို ကျေးဇူးတင်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဒါပေမယ့် မွေးနေ့ပွဲဆိုပြီး အခမ်းအနားတွေ၊ ဘာတွေ လုပ်တာမျိုးကို မနှစ်သက်လို့ မလုပ်ကြဖို့ တောင်းပန်ခဲ့တာပါ။

## ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြု

မွေးနေ့ဆိုတာ အနောက်တိုင်းဓလေ့မို့ ဆန့်ကျင်တဲ့သဘော မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် လူငယ်တွေရဲ့ ဂုဏ်ပြုတာကို ခံယူထိုက်တဲ့ အရည်အချင်း မရှိဘူးလို့ ယူဆထားတာကြောင့် မလုပ်စေချင်တာ ဖြစ်ပါတယ်။ ကိုယ့်ထက် ဆယ်ဆ၊ ဆယ့်ငါးဆ ပိုပြီး ဂုဏ်ပြုထိုက်သူတွေ ရှေ့မှာ အများကြီး ရှိနေသေးတယ်။ သူတို့ကိုကျော်ပြီး ကိုယ်က ဂုဏ်ပြုခံရတာ မျက်နှာပူတယ်။ လိပ်ပြာလည်း မလုံဘူး။ ဂုဏ်ပြုတယ်ဆိုတာ အသက်နဲ့ မဆိုင်ဘူးလို့ ထင်တယ်။ ကိုယ့်ထက် အသက်ငယ်ပေမယ့် ဂုဏ်ပြုခံထိုက်တဲ့ အရည်အချင်းရှိသူဆိုရင် ဂုဏ်ပြုရမှာပဲ။ ကိုယ်က အသက် ၇၀ ဆိုပေမယ့် ဒီလိုအရည်အချင်းမျိုး မရှိပါဘူး။ သနားသည်းခံ၊ ဝေဖန်ထောက်ရှု ဆိုတဲ့ဂုဏ်နဲ့ မညီညွတ်သလို ငါးပါးသီလလောက်ကိုတောင် လုံအောင် ထိန်းထားနိုင်သူ မဟုတ်ဘူး။ ပါဏာတိပါတ်၊ မသတ်သူ့သက် ဆိုတဲ့ သီလကိုတော့ အမြဲလိုလို ချိုးဖောက်နေမိတယ်။ မနောကံအားဖြင့်လည်း နေ့စဉ်နေ့တိုင်းကို ကျူးလွန်နေမိတယ်။

## မျက်နှာပူတယ်

သီလမလုံ၊ နာယကဂုဏ် မရှိတောင် အနည်းဆုံးတော့ တာဝန်ကျေသင့်တယ်လို့ ထင်တယ်။ ကျောင်းဆရာက ကျောင်းဆရာတာဝန်ကျေရင်၊ ဆရာဝန်က ဆရာဝန်တာဝန် ကျေရင်၊ ကျောင်းဆရာကောင်း၊ ဆရာဝန်ကောင်း ဆိုပြီး ဂုဏ်ပြုခံထိုက်သေးတယ်။ ကိုယ်တိုင်ကတော့ သတင်းစာသမားအဖြစ် နှစ်ပေါင်း ၅၀ လောက်ကြာအောင် လုပ်ကိုင်နေခဲ့ပေမယ့် ကိုယ့်ကျေးဇူးရှင် သင်ဆရာ၊ မြင်ဆရာများရဲ့ ခြေဖျားကိုတောင် မီအောင် တာဝန်ကျေခဲ့တာ မဟုတ်ဘူး။ စာဖတ်ပရိသတ်အတွက် ပေးသင့်ပေးထိုက်တာတွေကို မပေးနိုင်ခဲ့ဘူး။ နောက်ကလိုက်လာတဲ့ လူငယ်တွေအတွက်လည်း စံနမူနာကောင်းတွေ ပြမပေးနိုင်ဘူး။ ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားလည်း မလုပ်နိုင်ဘူး။ အဲဒါကြောင့် လူငယ်တွေက တလေးတစား လာရောက် အရိုအသေပေးကြရင် မျက်နှာပူမိတယ်။



## မသင့်တော်တဲ့ ဖော်ပြမှုတွေ

ပြီးခဲ့တဲ့တစ်ပတ်က ဂျာနယ်အတော်များများမှာပါတဲ့ သတင်းနဲ့ ဓာတ်ပုံတွေကို ကြည့်ပြီး စိတ်မကောင်း ဖြစ်ရတယ်။(Hot News လည်း ပါပါတယ်) ကလေးလူမမည်ကို ဖမ်းဆီးခေါ်ဆောင်ပြီး အတင်းအကျပ် သူဖုန်းစားလုပ်ခိုင်းတဲ့ သတင်းနဲ့ လူကုန်ကူးခံရပြီး မလေးရှားမှာ အမေရော သားသမီးတွေပါ သူဖုန်းစားလုပ်ခိုင်းတဲ့ သတင်းနှစ်ပုဒ် ဖြစ်ပါတယ်။ သတင်းနှစ်ပုဒ်စလုံးမှာ အမေနဲ့ သားသမီးလေးများရဲ့ အမည်နာမနဲ့တကွ ဓာတ်ပုံတွေပါ ထင်ထင်ရှားရှားကြီး ဖော်ပြထားကြပါတယ်။ လူကုန်ကူးမှု အန္တရာယ်ကို မီးမောင်းထိုးပြချင်တဲ့ စေတနာဆိုတာကို နားလည်ပါတယ်။ ဒါပေမယ့် အရှည်ကို မျှော်တွေးကြည့်ရင်တော့ ဒီလိုဖော်ပြတာ မကောင်းပါဘူး။ ဖုံးတန်တာဖုံး၊ ဖိတန်တာဖိ လုပ်ပြီးမှ ဖော်ပြသင့်တယ်။

## အရှည်တွေးတော့ ရင်လေးစရာ

ကလေးအမေတွေလည်း ငယ်ကြပါသေးတယ်။ ရှေ့ဆက်လျှောက်ရမယ့် ခရီးအရှည်ကြီး ရှိသေးတယ်။ ကလေးတွေဆိုတာကတော့ တကယ့်လူမမည်ကလေးတွေ။ တစ်နေ့မှာ ကျောင်းတွေတက်၊ ပညာတွေ သင်ကြရဦးမယ်။ အခုလို ဂျာနယ်တွေထဲမှာ ဓာတ်ပုံတွေနဲ့ အထင်းသား အရှင်းသားကြီး ပါထားတော့၊ သူတို့တွေရဲ့ နောင်ရေးအတွက် ရင်လေးဖွယ်ရာတွေ ဖြစ်မလာနိုင်ဘူးလား။ အုပ်ထိန်းသူ အမေကိုယ်တိုင်ရဲ့ သဘောတူညီချက် ရတယ်ဆိုဦးတော့ မထည့်သင့်ဘူး။ အမေတွေကတော့ သူတို့ရဲ့ အဖြစ်မှန်တွေကို သိကြရရင် လူကုန်ကူးမှုအန္တရာယ်ကို ပိုဂရုစိုက်လာကြစေချင်တဲ့ စေတနာနဲ့ ကြည့်ကြတာ ဖြစ်မှာပါ။ ရှည်ရှည်ဝေးဝေး စဉ်းစားမိပုံမရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



### အပြစ်ရှိသလို ခံစားရ

သာမန်ပြည်သူများက မစဉ်းစားမိပေမယ့် ဂျာနယ်သမားကတော့ မစဉ်းစားလို့ မဖြစ်ပါဘူး။ ပထမဆုံး စာနယ်ဇင်းကျင့်ဝတ်နဲ့ ညီ၊ မညီ စဉ်းစားရပါမယ်။ မညီပါဘူး။ ဒုတိယ ကလေးသူငယ် ကာကွယ်စောင့် ရှောက်ရေးဆိုင်ရာ ဥပဒေနဲ့ ငြိစွန်းမှုရှိ၊ မရှိ ကြည့်ရပါမယ်။ ငြိပါတယ်။ အရေးယူမယ်ဆိုရင် ယူနိုင်ပါတယ်။ ရှေးက အရေးယူခဲ့တဲ့ သာဓကတွေ အများကြီး ရှိပါတယ်။ ဒီလိုသာဓကတွေကို နောက်လူငယ်တွေသိအောင် လုပ်မပေးနိုင်တာ ကျွန်တော်တို့ တာဝန်မကျေမှုကြောင့် ဖြစ်တယ်။ တွေး မိတိုင်း စိတ်မကောင်းဘူး။ အပြစ်ရှိသလို ခံစားရတယ်။ အခု Hot News မှာ ဆရာပြေလွင်မြင့် ရေးနေတဲ့ ဥပဒေဆောင်းပါးတွေ အင်မတန် တန်ဖိုး ရှိတယ်။ စာနယ်ဇင်းသမားတိုင်း မပျက်မကွက် စောင့်ဖတ်သင့်ကြတယ်။

### ဆင်ခြေ ပေးကြလိမ့်မယ်

ကလေးတွေရဲ့ဓာတ်ပုံ ဖော်ပြမှုနဲ့ ပတ်သက်ပြီး လူကုန်ကူးမှု အန္တရာယ်ကို မီးမောင်းထိုးပြချင်ပါတယ်လို့ ဆင်ခြေပေးသူများ ရှိကောင်း ရှိပါလိမ့်မယ်။ ကလေးတွေအပေါ် ကရုဏာသက်လေ လူကုန်ကူးသူတွေ အပေါ် စက်ဆုပ်လေ ဖြစ်တာပေါ့လို့လည်း ပြောချင်ပြောကြလိမ့်မယ်။ ဗီယက်နမ် စစ်ပွဲကာလတုန်းက နပန်းလောင် မီးဖုံးဒဏ်တွေကြောင့် ကလေးမလေးတစ်ဦး အဝတ်မပါဘဲ လမ်းပေါ်မှာ ငိုယိုပြေးလွှားနေတဲ့ပုံ ကို သတင်းစာတွေမှာ ဖော်ပြလိုက်တဲ့အတွက် အမေရိကန် တစ်နိုင်ငံလုံး စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲကြီးတွေ ပေါ်ပေါက်လာခဲ့ရပြီး ဗီယက်နမ်စစ် ရပ်စဲရေးကို အများကြီး အထောက်အကူပြုခဲ့တယ်လို့ ဓာဒကတက်ချင် လည်း တက်ပြကြပါလိမ့်မယ်။

### ကိစ္စချင်း မတူ

ကိစ္စနှစ်ခုရဲ့ အတိမ်အနက်ချင်းက မတူကြဘူးလေ။ ဟိုဟာက ဗီယက်နမ်စစ်ပွဲကြီး တစ်ခုလုံးအပေါ်မှာ ကြီးမားတဲ့ အရှိန်အဟုန်နဲ့ ရိုက် ခတ်သွားနိုင်တဲ့ကိစ္စ ဖြစ်တယ်။ ပြီးတော့ ကလေးမလေးပုံက အဝေးက



ရိုက်ယူထားတဲ့ပုံဖြစ်တော့ မျက်နှာကို ထင်ထင်ရှားရှားကြီး မမြင်ရဘူး။ မိန်းကလေးရဲ့ နာမည်ကိုလည်း ဖော်ပြမထားပါဘူး။ ဒါတောင်မှ ဒီပုံ ဖော်ပြမှုဟာ စာနယ်ဇင်းကျင့်ဝတ်နဲ့ မညီပါဘူး။ ပိုပြီး ကြီးမားတဲ့ အကျိုး ရလဒ် ရနိုင်တဲ့အတွက်ကြောင့် မလွှဲမရှောင်သာ သုံးလိုက်ရတာပါလို့ ပုံ ဖော်ပြခဲ့တဲ့ သတင်းစာ အယ်ဒီတာများက နောက်ပိုင်း အငြင်းပွားမှုတွေ ကျယ်လောင်လာတဲ့အခါမှာ ဝန်ခံခဲ့ကြပါတယ်။

### ဂျာနယ်ရုံးတော် စီရင်ချက်

အကြောင်းတိုက်ဆိုင်တုန်း မှုခင်းသတင်း ရေးသားကြရာမှာ ဆင် ခြင်သင့်တာတွေကိုလည်း ရေးလိုက်ချင်တယ်။ မှုခင်း သီးသန့်လုပ်တဲ့ ဂျာနယ်တွေက မှုခင်းကြီးကြီးတစ်ခုကို ဖော်ပြတဲ့အခါမှာ ရဲက ဖမ်းဆီး ထားတဲ့သူကို (ဥပမာ – လူသတ်မှု ဆိုပါတော့) ဒီနေရာကစောင့်ပြီး ဒီလို ဓားနဲ့ခုတ်သတ်တယ်။ အလောင်းကို ဒီလိုဆွဲယူပြီး ဒီလို ဝှက်တယ်။ လူ သတ်တဲ့ ဓားကို ဒီရေကန်ထဲမှာ ဒီလို ပစ်ချခဲ့တယ်ဆိုတဲ့ ဖြစ်စဉ်(Sequene) တွေကို တစ်ဆင့်ပြီးတစ်ဆင့် လက်တွေ့ သရုပ်ဆောင်ခိုင်းပြီး ရိုက်ယူခဲ့တဲ့ ဓာတ်ပုံတွေနဲ့တကွ ဖော်ပြလေ့ရှိကြတယ်။ တချို့သတင်းတွေဆိုရင် ရုံးတင် တဲ့အဆင့်တောင် မရောက်သေးဘူး။ ဂျာနယ်တွေထဲမှာ လူသတ်တရားခံ အဖြစ် စီရင်ချက်တောင် ချပြီးနေကြပြီ။ ဒီအကြောင်းကို 'ဂျာနယ်ရုံးတော် စီရင်ချက်'ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးခဲ့ဖူးတယ်။

### တာဝန်မကျေခဲ့ဘူး

ဒီလို အရေးအသားမျိုးတွေဟာ တကယ်တော့ တရားရုံးကို မသမာ ရည်ရွယ်ချက်နဲ့ ဩဇာလွှမ်းမိုး(influenced) အောင် လုပ်ရာရောက်ပါ တယ်။ ဒါတင်မက ထစ်ခနဲဆို တရားစွဲလေ့ရှိတဲ့ နိုင်ငံများမှာဆိုရင် စွပ်စွဲခံရသူက အသရေဖျက်မှုနဲ့ တရားစွဲတာလည်း ခံရစရာ ရှိပါတယ်။ ဒါမျိုးတွေကို အထူးဆင်ခြင်သင့်ပါတယ်။ လူငယ်တွေ သတိထားနိုင်အောင် ရေးသား အသိပေးမှု လုံလောက်အောင် မလုပ်နိုင်ခဲ့တဲ့အတွက် ကျွန်တော် တို့လို လူကြီးတွေမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ တာဝန်မကျေခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြဘူး။ အဲဒါကြောင့် လူငယ်တွေက တလေးတစားနဲ့ လာပြီး အရိုအသေ ပေးကြတဲ့အခါတိုင်း လိပ်ပြာမလုံ ဖြစ်ခဲ့ရပါတယ်။ တကယ်တော့ ကျွန်တော်တို့ ဂုဏ်ပြုမခံထိုက်သေးပါဘူး။

*The Hot News Journal*

*Vol. 1, No. 6, 27 August 2010.*

BURMESE CLASSIC .com

# ဘယ်ကျောင်းထွက် စာနယ်ဇင်းသမားလဲ

ဂျာနယ်တွေထဲမှာ မှုခင်းသတင်း ရေးသားဖော်ပြပုံများနဲ့ ပတ်သက်ပြီး စိတ်မကောင်း ဖြစ်ရတဲ့အကြောင်း ပြီးခဲ့တဲ့အပတ်က ရေးခဲ့တယ်။ ဒီတစ်ပတ်တော့ ဂျာနယ်တစ်စောင်ရဲ့ ရေးသားမှုကြောင့် ဂုဏ်သရေရှိ မိသားစု တစ်စုလုံး ဘဝပျက်လုနီးပါး ဖြစ်သွားရတဲ့ ကိုယ်တွေ့မျက်မြင် အဖြစ်အပျက်တစ်ခုကို ရေးပြချင်တယ်။ ဂျာနယ်သမားတွေ ဆင်ခြင်ကြစေချင်လို့ပါ။

## ဆေးပြတ်လို့တဲ့

ဂျာနယ်တွေ ပေါ်ထွက်လာစအချိန်က မှုခင်းသတင်းစာစောင် တစ်စောင်မှာ သတင်းတစ်ပုဒ် ပါလာပါတယ်။ တက္ကစီသမားကို ဓားထောက်ပြီး ပိုက်ဆံနဲ့ ကားကို လုယူမောင်းပြေးတဲ့ သတင်းပါ။ တခြားမြို့တစ်မြို့မှာ ရဲက ဖမ်းမိတဲ့အခါကျတော့ ဆေးသမားတစ်ယောက် ဖြစ်တဲ့အကြောင်း၊ ဆေးဖိုး ပိုက်ဆံပြတ်လို့ လုပ်မိလုပ်ရာ လုပ်တဲ့အကြောင်း အကျယ်တဝင့် ရေးထားတယ်။ မောင်မဲ(ဘ) ဦးဖြူ၊ ရန်ကုန်မြို့၊ အမှတ်ဘယ်လောက်၊ ဘယ်ရပ်ကွက်၊ ဘယ်လမ်းမှာ နေထိုင်သူဖြစ်ကြောင်း ဖော်ပြထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူဆိုတာ ဂုဏ်သရေရှိ ကုန်သည်ကြီးတစ်ယောက်ဖြစ်ပြီး မိသားစုနဲ့ အေးအေးချမ်းချမ်း နေထိုင်သူ ဖြစ်ပါတယ်။

## အရုပ်ထဲက ထွက်ပြေးကြ

ဂျာနယ်ထွက်ပြီး သိပ်မကြာခင်မှာပဲ သူတို့တစ်အိမ်လုံး ရုတ်ရုတ်သဲသဲတွေ ဖြစ်ပြီး ဝုန်းဝုန်းဒိုင်းဒိုင်း အသံတွေ ဆူညံနေအောင် ကြားရပါတယ်။ မိနစ်ပိုင်းလေးအတွင်းမှာပဲ အထုပ်ကြီး၊ အထုပ်ငယ်တွေ ကားပေါ်ကမန်းကတမ်းတင်ပြီး မိသားတစ်စုလုံး ထွက်ခွာသွားကြပါတယ်။ ဘယ်ကိုသွားကြမှန်း အိမ်နီးချင်းတွေ ဘယ်သူမှ မသိကြပါဘူး။ ဘယ်သူ့ကိုမှလည်း နှုတ်ဆက်မသွားပါဘူး။ နောက်တစ်နေ့ကျတော့ ရန်ကုန်မြို့လယ်က ကျောင်းကြီးတစ်ကျောင်းမှာ ကျောင်းတက်တဲ့ အလယ်တန်းကျောင်းသူမြေးကလေးကိုပါ ကျောင်းထုတ်သွားကြောင်း သိရပါတယ်။ အိမ်ကို သော့ခတ်ထားခဲ့တာ လုံးဝကို ပြန်မလာတော့ပါဘူး။ လအတော်ကြာတော့ အိမ်ကို ရောင်းပစ်လိုက်ကြောင်း သိကြရပါတယ်။

## တိကျလွန်းလို့ ဒုက္ခရောက်

မှုခင်းစာစောင်မှာ ဖော်ပြထားတဲ့ သတင်းဟာ လုံးဝအမှန်ပါ။ လုံးဝမမှားပါဘူး။ တိကျမှန်ကန်လွန်းလို့ ဒုက္ခရောက်သွားကြရတာ ဖြစ်ပါတယ်။ ဥပဒေရှုထောင့်က ကြည့်ရင်လည်း သတင်းရေးသားဖော်ပြပုံဟာ ဘာအငြိအစွန်းမှ မရှိပါဘူး။ ရဲက ထုတ်ပြန်တဲ့အတိုင်း အသေးစိတ် တိတိကျကျ ရေးထားတာ ဖြစ်တယ်။ အဲဒီကိစ္စဖြစ်ပြီး အတော်လေးကြာတော့ မှုခင်းသတင်းတွေ ရေးရာမှာ တရားခံအမည် ဘယ်သူဘယ်ဝါ ဖော်ပြရုံနဲ့ မလုံလောက်ဘူးလား။ သားတစ်ယောက် ဆိုးသွမ်းတာနဲ့ အဖေနဲ့တကွ မိသားစုတစ်စုလုံး အရှက်တကွဲ အကျိုးနည်းဖြစ်ရတာ မဖြစ်သင့်ကြောင်း ဆောင်းပါး ရေးခဲ့ဖူးပါတယ်။

## သတင်းကို သတင်းလိုပဲ ရေး

ဒါပေမယ့် ဘာမှ ထူးခြားမလာပါဘူး။ အခုလည်း ဆက်လက်ဖော်ပြနေကြဆဲ ဖြစ်တယ်။ ရဲက အမှုဖွင့် အရေးယူရာမှာတော့ အမှားအယွင်း မရှိရအောင်၊ အငြင်းမပွားရအောင်ဆိုပြီး ရဲမှတ်တမ်းမှာ တရားခံအမည်၊ မိဘအမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားရတာ ပုံမှန်လုပ်ရိုးလုပ်စဉ် ဖြစ်ပါတယ်။ ရဲမှတ်တမ်း၊ ရုံးမှတ်တမ်းမှာ ရှိတာက လူသိရှင်ကြား မဖြစ်ပါဘူး။ သတင်းစာထဲ၊ ဂျာနယ်ထဲမှာ ထည့်သွင်းရေးသားတာကျတော့ လူသိရှင်ကြား၊ တိုင်းသိပြည်သိ ဖြစ်သွားပါတယ်။ လူတစ်ယောက် မကောင်းတဲ့အတွက် မိသားစုတစ်စုလုံး၊ ဆွေမျိုးတစ်သိုက်လုံး ထိခိုက်သွားတာမျိုး ဖြစ်မသွားအောင် သတင်းစာ၊ ဂျာနယ်များက ဆင်ဆင်ခြင်ခြင် ရေးသားကြရပါတယ်။ ရဲကပေးတဲ့အတိုင်း တစ်လုံးမကျန် ထည့်ရေးဖို့ မလိုအပ်ပါဘူး။ သတင်းရေးတာက အစီရင်ခံစာတင်တာ မဟုတ်ဘူး။ ရဲမှတ်တမ်း မဟုတ်ဘူး။ သတင်းကို သတင်းလိုပဲ ရေးရတယ်။



## မကြားဝံ့ မနာသာ

ဂျာနယ်တွေ ထွက်ခါစက တော်တော်ကို ဆိုးပါတယ်။ ရေးအပ်၊ မရေးအပ်၊ ရေးသင့်၊ မရေးသင့်ဆိုတာတွေ သိပ်စဉ်းစားနေကြတာ မဟုတ်ဘူး။ ဘယ်လောက်ဆိုးသလဲဆိုတာ သာဓကတစ်ခု ပြမယ်။ ဘုရင့်နောင်တံတားကြီး ဖွင့်စရက်ပိုင်းပဲ ရှိသေးတဲ့အချိန်ကပါ။ ကားဘေး တွယ်စီးလာသူတစ်ယောက် တံတားဆောင်ကို ခေါင်းနဲ့တိုက်မိပြီး ခေါင်းပြတ်ထွက်သွားတယ်။ ဓာတ်ပုံဆရာက လမ်းပေါ်က ခေါင်းပြတ်ကြီးကို ရိုက်ယူလာပြီး ဂျာနယ်ကိုပေးတော့ အယ်ဒီတာကလည်း မျက်နှာဖုံးက ထည့်ပေးလိုက်တယ်။ မြင်ရသူတိုင်း အော့နှလုံးနာ ဖြစ်ကြရတယ်။ မြန်မာ့ယဉ်ကျေးမှုက 'မကြားဝံ့ မနာသာ'ဆိုတဲ့ ကိစ္စမျိုးကို သိပ်အလေးထားပါတယ်။ ပွင့်လင်း လွတ်လပ်မှု လွန်ကဲရင် ရိုင်းစိုင်းတယ်လို့ ယူဆပါတယ်။ မမြင်အပ်တာ မမြင်အောင်၊ မကြားအပ်တာ မကြားအောင် သိုသိုသိပ်သိပ် ဖုံးဖုံးဖိဖိ လုပ်လေ့ ရှိပါတယ်။

## လျှပ်လျှပ်ခတ်ခတ်လုပ်မှ

ပွင့်လင်းလွတ်လပ်မှုကို သိပ်ဦးစားပေးတဲ့ အနောက်မီဒီယာတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



တောင် ခုနက ခေါင်းပြတ်ပုံမျိုးကို 'ရုန့်ရင်းကြမ်းတမ်း'(vulgar) ဖြစ်တယ်လို့ သဘောထားပြီး နှာခေါင်းရှုံ့ပါတယ်။ မသုံးပါဘူး။ လူငယ်တွေအနေနဲ့က လှုပ်လှုပ်ခတ်ခတ်(sensational) ဖြစ်တာမျိုးကို သဘောကျတတ်ကြတယ်။ လှုပ်လှုပ်ခတ်ခတ်ဖြစ်အောင်လုပ်မှ 'ပေါက်'တယ်လို့ ထင်ကြတယ်။ ဒီအယူအဆကို ခေါင်းထဲက လုံးဝ ဖယ်ရှားဆုတ်သင့်ဖို့ လိုတယ်။ လှုပ်လှုပ်ခတ်ခတ်နဲ့ ပေါက်အောင်လုပ်တာမျိုးကို သူတို့ဆီမှာလည်း သတင်းစာလို့ မခေါ်ပါဘူး။ တက်ဘလွိုက်(tabloid) လို့သာ ခေါ်ကြတယ်။ အဲဒီလို စာစောင်တွေအတွက် လုပ်တဲ့သူတွေကိုလည်း ပါပရာဇီလို့ပဲ သတ်မှတ်ထားကြတယ်။

## ကျောင်းနှစ်ကျောင်း

စာနယ်ဇင်းသမား လုပ်တော့မယ်ဆိုရင် ဘယ်လိုစာနယ်ဇင်းမျိုးလုပ်မှာလဲဆိုတာ အရင်ဆုံး စဉ်းစားပြီးမှ လုပ်သင့်တယ်။ စာနယ်ဇင်းနဲ့ပတ်သက်တဲ့ အယူအဆတွေကတော့ အများကြီး ရှိပါတယ်။ ဒါပေမယ့် အခြေခံအယူအဆ(schoold of thought) ကတော့ နှစ်မျိုးပဲ ရှိပါတယ်။ စာနယ်ဇင်းဆိုတာ တိုင်းပြုပြည်ပြု(missionary) လုပ်ငန်းမျိုး ဆိုတဲ့ကျောင်းက ပထမအမျိုးအစား ဖြစ်တယ်။ ဂျိုးဇက်ပူလစ်ဇာလို၊ ဂျာနယ်ကျော် ဦးချစ်မောင်လို၊ လူထုဦးလှလို ပုဂ္ဂိုလ်မျိုးတွေက ဒီအမျိုးအစားထဲမှာ ပါတယ်။ ဒုတိယ အမျိုးအစားကတော့ စာနယ်ဇင်းလုပ်ငန်း ဆိုတာလည်း မော်တော်ကားလုပ်ငန်း၊ ရေနံလုပ်ငန်း၊ ရှူးဖိနပ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း စတဲ့ စီးပွားရေးလုပ်ငန်းကြီးတွေလို စီးပွားရေးလုပ်ငန်းပဲ ဖြစ်တယ်လို့ ယူဆတဲ့ကျောင်း ဖြစ်ပါတယ်။

## ပေါက်ဖို့ လိုရင်းပဲ

စီးပွားရေးပဲလို့ ယူဆတဲ့အလျောက် စီးပွားရေးဆန်ဆန် brand name ပေါက်ဖို့အတွက် ကြော်ငြာမျိုးစုံ လုပ်ရမယ်။ စတန့်အမျိုးမျိုး လုပ်တတ်ရမယ်။ လူတွေနှုတ်ဖျား ရေပန်းစားဖို့ အဓိက ဖြစ်တယ်။ ဘယ်နည်းနဲ့ လုပ်လုပ် 'ပေါက်'ဖို့သာ လိုရင်းပဲလို့ သဘောထားကြတယ်။



စီအင်န်အင်န် စတင်တည်ထောင်ခဲ့တဲ့ တက်တန်းနားလို၊ ရူးပတ်မားဒေါ့လို မီဒီယာသူဌေးကြီးတွေဟာ ဒီကျောင်းက အထင်ရှားဆုံးသူတွေ ဖြစ်တယ်။ မားဒေါ့ဟာ ကမ္ဘာအနှံ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြား လုပ်ငန်းပေါင်း ၁၀၀ ကျော် ပိုင်ဆိုင်တဲ့ သူဌေးကြီး ဖြစ်တယ်။ အမြတ်ရမယ်ဆိုရင် မာရ်နတ်နဲ့လည်း တွဲပြီး အလုပ်လုပ်မယ်ဆိုတဲ့ လူစားမျိုး ဖြစ်တယ်။ မီဒီယာနဲ့ စီးပွားရှာစားသူသာ ဖြစ်တယ်။ သူ့ကို လူတွေက 'မီဒီယာသူကြွယ်ကြီး'(media tycoon, media baron) လို့ပဲ ခေါ်ကြတယ်။ ဂျာနယ်လစ်လို့ ဘယ်သူကမှ မခေါ်ကြပါဘူး။

## စောင့်ကြည့်လိုက်တော့

အခုလောလောဆယ် မြန်မာ ဂျာနယ်လောကမှာ လှုပ်လှုပ်ခတ်ခတ်ဖြစ်အောင်လုပ်ပြီး ပေါ်ပြူလာဖြစ်ချင်သူတွေနဲ့ မားဒေါ့လို မီဒီယာကို ခုတုံးလုပ်ပြီး စီးပွားရှာချင်သူတွေက များနေသလား၊ မီဒီယာနဲ့ တိုင်းပြုပြည်ပြုလုပ်ချင်သူတွေက များနေသလားဆိုတာ သိနိုင်ဖို့ ဂျာနယ်တွေကို စောင့်ကြည့်လိုက်ပါတော့ ...။

*The Hot News Journal*

*Vol. 1, No. 7, 3 September 2010.*

www.burmeseclassic.com

www.burmeseclassic.com

## အရှင်သခင် မျက်နှာမျိုး

မကြာမီက လွန်မြောက်ခဲ့တဲ့ မွေးနေ့အမှတ်တရအဖြစ် နိုင်ငံခြား ရောက်နေသူ ကျောင်းသားဟောင်းတစ်ယောက်က စာရှည်ကြီးတစ်စောင် ရေးလိုက်တာကို ဖတ်ရတယ်။ ဒီခေတ် လူငယ်တွေ သူ့အကြောင်းသိကြ ရင် ကောင်းမှာပဲလို့ စိတ်ကူးရတာကြောင့် ဒီစာ ရေးဖြစ်သွားတယ်။

### လက်မှိုင်ချတဲ့ စကား

ဒီခေတ် လူငယ်တွေနဲ့ စကားပြောမိတဲ့အခါတိုင်း 'ဘာလုပ်ရမှန်းကို မသိတော့ပါဘူး'ဆိုတဲ့ စိတ်ပျက်လက်ပျက် ညည်းညူသံကို အများဆုံး ကြားရတတ်တယ်။ 'ဘာလုပ်ရမှန်း မသိဘူး'တောင် မဟုတ်ဘူး။ တော် တော်ကို လက်မှိုင်ချထားပုံရတဲ့ 'ဘာလုပ်ရမှန်းကို မသိတော့ပါဘူး'လို့ ပြောကြတာ ဖြစ်တယ်။ ဘာလုပ်ရမှန်း မသိဘူးဆိုတာဟာ ကိုယ် ဘာ လုပ်ချင်မှန်း၊ ဘာလိုချင်မှန်း ကိုယ့်ဟာကို မသိတော့တဲ့သဘော ဖြစ်တယ်။ ကိုယ်လုပ်ချင်တာ၊ လိုချင်တာကို သိသူဟာ ညည်းညူနေစရာ မလိုဘူး။ သူလုပ်ရမယ့်အလုပ် သူ သိတယ်။



### ကယ်တင်ရှင် မျှော်

ဘာလုပ်ရမှန်း မသိဘူးဆိုပြီး ညည်းရုံညည်းနေရင် ကိစ္စမရှိဘူး။ အဲဒီစကားရဲ့နောက်က တစ်ဆက်တည်း ကပ်ပါလာတဲ့ အတွေးအခေါ်က စိတ်ပျက်စရာ ကောင်းတယ်။ ဘာလုပ်ရမှန်း မသိဘူးဆိုပြီး လက်မှိုင်ချ နေတဲ့သူများရဲ့ ခေါင်းထဲမှာ ပထမဆုံး ရောက်လာလေ့ရှိတဲ့ အတွေးက ဘယ်သူ့ဆီက အကြံဉာဏ် တောင်းရမလဲ၊ အကူအညီ တောင်းရမလဲ ဆိုတဲ့ ကယ်တင်ရှင်မျှော်တဲ့အတွေး ဖြစ်တယ်။ ကိုယ့်ကိစ္စကို ကိုယ့်အား ကိုယ်ကိုးပြီး ဖြေရှင်းမယ်ဆိုတဲ့ စိတ်ကူးမျိုးကျတော့ ခေါင်းထဲပေါ်မလာ ဘူး။ ထစ်ခနဲဆို သူများနှာခေါင်းပေါက်နဲ့ အသက်ရှူဖို့လောက်ပဲ စဉ်းစား လေ့ ရှိကြတယ်။ သခင်စိတ်ဆိုတာနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တဲ့ စိတ် ထား ဖြစ်တယ်။

### ရောဂါတစ်မျိုးပဲ

သူတစ်ပါးကို အားကိုးလွန်းပြီး ကယ်တင်ရှင်ပဲ မျှော်တတ်တဲ့စိတ် ဟာ ရောဂါတစ်မျိုးလိုပဲ အမြစ်တွယ်သွားရင် ကုရခက်တယ်။ ပြန့်လည်း ပြန့်ပွားလွယ်တယ်။ ဒီစိတ်မျိုးကို မှီခိုလွန်စိတ်(Dependency Syndrome) လို့ ခေါ်လေ့ရှိတယ်။ ဒီစိတ်မျိုးဟာ လူတစ်ဦးချင်းစီမှသာ မဟုတ်ဘူး။ လူမျိုးတစ်မျိုးလုံး၊ နိုင်ငံတစ်ခုလုံးနဲ့ ချီပြီးတောင် ရှိနေတတ်တယ်လို့ ဆို ကြတယ်။ တောင်အာဖရိကတိုက်ကြီးကို ခုချိန်ထိ 'အမှောင်တိုက်ကြီး' (Black Continent) လို့ ခေါ်နေရတဲ့ အကြောင်းရင်းက အဲဒီ မှီခိုလွန် စိတ်ကြောင့် ဖြစ်တယ်။ ဒီလိုဖြစ်အောင် ကယ်ဆယ်ရေးအဖွဲ့အစည်းပေါင်း သောင်းခြောက်ထောင်က လုပ်ပေးနေကြတယ်လို့ တချို့ လူမှုရေးပညာ ရှင်များက ထောက်ပြဝေဖန်ကြတာများ ဖတ်ဖူး၊ ကြားဖူးတယ်။

### ကယ်ဆယ်ရေး အကြီးအကျယ်လုပ်

အာဖရိကနိုင်ငံ အတော်များများဟာ ဒုတိယ ကမ္ဘာစစ်ကြီး အပြီး မှာ အကြီးအကျယ် ငတ်မွတ်ခေါင်းပါးတဲ့ ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ပြီး လူပေါင်း သိန်းချီ သေဆုံးခဲ့ကြတယ်။ ဖွဲ့စည်းပြီးခါစ ကုလသမဂ္ဂအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့တကွ တခြား နိုင်ငံတကာ အဖွဲ့အစည်းပေါင်းစုံက ကယ်ဆယ်ရေး ပစ္စည်းတွေ အလုံးအရင်းပေးဖို့ ကူညီခဲ့ကြတယ်။ ကယ်ဆယ်ရေးစီမံချက် အမျိုးမျိုး ရေးဆွဲပြီး အငတ်ဘေးကလွတ်အောင် ကြိုးစားကြတယ်။ ချမ်းသာ နိုင်ငံကြီးတွေကလည်း ငွေတွေ အလုံးအရင်း ချေးပေးကြတယ်။ ဒီလိုနဲ့ပဲ နိုင်ငံအတော်များများဟာ ကယ်ဆယ်ရေးရဲ့အရသာ ကောင်းမှန်းသိပြီး ထစ်ခနဲဆို ကယ်ဆယ်ရေးကိုသာ မျှော်ကိုးနေကြတော့တယ်။ ကိုယ့်အား ကိုယ်ကိုး မကြိုးစားချင်ကြတော့ဘူး။

## တစ်ကမ္ဘာလုံး ကြားအောင် အော်

ကယ်ဆယ်ရေး ကောင်းမှန်းသိတော့ လူတွေ အကျင့်ပျက်လာ တယ်။ ရေကြီးတာဖြစ်ဖြစ်၊ မုန်တိုင်းဒဏ်ခံရတာဖြစ်ဖြစ်၊ အငတ်ဘေး ကျရောက်တာဖြစ်ဖြစ် တစ်ခုခုဖြစ်တယ်ဆိုတာနဲ့ လူတစ်ရာလောက် သေ တာကို တစ်သိန်းလောက် သေကုန်ပါပြီလို့ တစ်ကမ္ဘာလုံး ကြားအောင် ကုန်းအော်ပြီး ကယ်ဆယ်ရေးပစ္စည်းတွေကို မျှော်ကြတော့တယ်။ အဲဒီ လုပ်ရပ်မျိုးတွေ များသထက် များလာတဲ့အတွက် 'အမှောင်တိုက်ကြီး' ဘဝ က မလွတ်မြောက်နိုင်သေးတာလို့ ပညာရှင်အများက ထောက်ပြကြတယ်။

## အမှတ်မထင် အားပေးနေ

ဂျာနယ်တွေ ဖတ်တဲ့အခါမှာ အမှတ်မထင်နဲ့ ဂျာနယ်တွေက လူငယ် တွေကို Dependency Syndrome စိတ်ဓာတ်မျိုးတွေ ကိန်းအောင်းနေ အောင် လုပ်ပေးနေတဲ့ သတင်းနဲ့ ဆောင်းပါးတွေ မကြာခဏ ဖတ်နေရ တယ်။ ကယ်တင်ရှင်မျှော်တဲ့စိတ် လူငယ်တွေမှာ အမြစ်တွယ်သွားတာမျိုး မဖြစ်စေချင်ဘူး။ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ဘဝကို ရဲရဲရင်ဆိုင်ဖို့သာ အားပေးသင့်တယ်။ လှုံ့ဆော်သင့်တယ်။ သူများ နှာခေါင်းပေါက်နဲ့ အသက်ရှုတယ်ဆိုတာ မကောင်းပါဘူး။ သူများကို မျက်နှာချိုသွေး၊ အောက်ကျို့ပြီး တစ်သက်လုံး ကျေးဇူးတင်နေရမယ့် ဘဝမျိုး ဖြစ်တယ်။



## ကုန်ထမ်းရင်း ကျောင်းတက်

ဆောင်းပါးအစမှာ ရေးခဲ့တဲ့ ကျောင်းသားဟောင်းဟာ အခု နိုင်ငံ ခြားမှာ အလုပ်အကိုင် ကောင်းကောင်းရပြီး တင့်တောင့်တင့်တယ် ဖြစ် နေပါတယ်။ နိုင်ငံခြားမှာပဲ အိမ်ထောင်ကျပါတယ်။ သူက သဃ်န်းကျွန်း က ဆင်းရဲတဲ့ မိဘများရဲ့ သားသမီးငါးယောက်ထဲမှာ အကြီးဆုံး ဖြစ်တယ်။ တပည့်တစ်ယောက်နဲ့ ဆက်စပ်ပြီး အင်္ဂလိပ်စကားပြော သင်တန်းကို ရောက်လာတော့ တက္ကသိုလ်မှာ သတ္တဗေဒ ဂုဏ်ထူးတန်းတက်ရင်း မဂ္ဂဇင်း တွေမှာ စာလေးကဗျာလေး ရေးပါတယ်။ ကျောင်းစရိတ် ရဖို့အတွက် ရန်ကုန်ဘူတာကြီးမှာ ကုန်ထမ်းတဲ့အလုပ် လုပ်ပါတယ်။ ကျောင်းပြီးသွား တော့ ကျူရှင်ကျောင်းလေးဖွင့် စာသင်တယ်။ ဆင်းရဲတဲ့ ကလေးတွေကို ကူညီတယ်။ သုံးနှစ်လောက်နေတော့ ကျူရှင်ကျောင်းလေး တော်တော် အောင်မြင်လာတယ်။

## အာရှက ဥရောပသို့

အဲဒီအချိန်မှာ မိတ်ဆွေသူငယ်ချင်းများရဲ့ အကူအညီနဲ့ နိုင်ငံခြား ထွက်သွားတယ်။ ထွက်စကတော့ အာရှနိုင်ငံတစ်ခုပါ။ နောက် နှစ်နှစ် လောက်ကြာတော့ ဥရောပနိုင်ငံ တစ်ခုမှာ အလုပ်ရပြီး ပြောင်းရွှေ့သွား တယ်။ ပြင်သစ်က၊ ဟော်လန်က၊ စတော့ဟုမ်းက၊ ဂျိနီဗာက သူပို့တဲ့ အီးမေးလ်စာတွေ ဖတ်ပြီး သူ့အတွက် ဝမ်းသာရတယ်။ နောက် သူ အိမ်ထောင်ကျသွားပြီ ကြားရတယ်။ တော်တော်လည်း ရင့်ကျက်လာပုံ ရပါတယ်။ နှစ်တွေတောင် တော်တော်ကြာသွားပြီ။ ဒါပေမယ့် သူက ဆရာ့ မွေးနေ့ကို အမှတ်ရနေဆဲ ဖြစ်သလို၊ ဆရာကလည်း သူ့ကို အမှတ်ရနေ ဆဲပါပဲ။

## အရှင်သခင်စိတ်

ဒီလူငယ်လေးဟာ ဘူတာရုံမှာ ကုန်ထမ်းတဲ့အလုပ် လုပ်ပြီး သူ့ ကျောင်းစရိတ် သူ ရှာရင်း ဂုဏ်ထူးတန်း တက်ခဲ့တယ်။ ဘယ်သူ့အကူ အညီမှ မတောင်းဘူး။ ဘယ်သူ့ဆီမှ အောက်မကျို့ဘူး။ အခု သူ့ထက်ပုံ

www.burmeseclassic.com

www.burmeseclassic.com



တွေ မြင်ရတဲ့အခါမှာ သူ့မျက်နှာဟာ သူ့ကိုယ်သူ ပိုင်စိုးတဲ့ဘဝမှာ သူသာ အရှင်သခင်ဆိုတဲ့ မျက်နှာမျိုး။ ရှက်ရွံ့အားငယ်စိတ် အရိပ်အရောင် မမြင်ရသလို သိမ်ငယ်စိတ်ဆိုတာလည်း လုံးဝ မတွေ့ရဘူး။ လူငယ် မှန်သမျှ သူ့မျက်နှာမျိုး ပိုင်ဆိုင်စေချင်လိုက်တာ။

*The Hot News Journal*

*Vol. 1, No. 8, 10 September 2010.*

# သိပ္ပံဆိုတိုင်း မျက်စိမှိတ်မယုံနဲ့

အခုတလော ဂျာနယ်တွေ ဖတ်တဲ့အခါတိုင်း ပိုးသတ်ဆေးနဲ့ ဓာတ်မြေသြဇာ နိုင်နိုင်သုံးပြီး စိုက်ပျိုးထားတဲ့ သစ်သီးမျိုးစုံ၊ ဟင်းရွက်မျိုးစုံတို့ရဲ့ အန္တရာယ်တွေကို သတိပေးတဲ့ သတင်းဆောင်းပါးတွေ မပြတ် တွေ့ရတယ်။ စာနယ်ဇင်းများကို ကျေးဇူးတင်ရတယ်။

## ပေါ့ပေါ့ရွှတ်ရွှတ် အရသာ

တစ်ချိန်တည်းမှာပဲ အော်ဂဲနစ်စိုက်ပျိုးရေး လုပ်ကြဖို့ ပညာပေးလှုံ့ဆော်သူတွေက လှုံ့ဆော်၊ သင်တန်းပေးသူတွေက ပေး လုပ်နေကြတာတွေလည်း ဝမ်းသာစရာ ဖတ်ရ၊ တွေ့ရတယ်။ ဆတက်ထမ်းပိုး တိုးပြီး လုပ်ကြပါလို့လည်း မေတ္တာရပ်ခံချင်တယ်။ နေ့စဉ်နေ့တိုင်း အဆိပ်ငွေ့တွေကို မရှောင်နိုင်၊ မရှားနိုင်လို့ ရှူရှိုက်နေရတဲ့အထဲ ခုနောက်ပိုင်း အစားအသောက်တွေကတစ်ဆင့် ခန္ဓာကိုယ်တွင်း နေ့စဉ် ဝင်ရောက်နေတဲ့ အဆိပ်တွေကလည်း ရှောင်လို့မလွတ်အောင် ဖြစ်နေလို့ပါပဲ။ ကိုယ့်လက်မောင်းထက်တောင် တုတ်တဲ့ ကြက်ဟင်းခါးသီးကြီးတွေများ ခါးလိုက်မယ့် ဖြစ်ခြင်းဆိုပြီး စားရမှာတောင် ကြောက်တယ်။ တကယ်စားကြည့်တော့ မပါ့

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်ရှုတ်နဲ့ ဘာအရသာမှ မရှိဘူး။ လက်တစ်ဆစ်လောက်သာရှိတဲ့ မန္တလေးက ကြက်ဟင်းခါးသီးကလေးတွေကိုပဲ လွမ်းနေမိတော့တယ်။

## စုပေါင်းစပ်ပေါင်း ကပြားသီးတွေ

ကန်စွန်းရွက်တွေဆိုတာလည်း သန်လိုက်တာများ တစ်ရွက်တစ်ရွက်ကို အင်ဖက်အငယ်စားလောက် ရှိတယ်။ အရိုးကြီးတွေကလည်း လူတစ်ယောက်ကို ရိုက်လိုက်ရင် ဟပ်ထိုးလဲကျသွားမလားလို့ ထင်ရတယ်။ သစ်တော်သီးကြီးတွေဆို ထန်းသီးလောက် ရှိတယ်။ စားလိုက်တော့ အရည်ရွှန်းတာက လွဲပြီး ဘာအရသာမှ မရှိဘူး။ ပန်းသီးနဲ့ သစ်တော်သီး စပ်လိုစပ်၊ ပန်းသီးနဲ့ မက်မွန်သီး စပ်လိုစပ်နဲ့ အလုံးကြီးတွေကတော့ ရောင်းပန်း သိပ်လှတယ်။ စားလို့တော့ အရသာမရှိဘူး။ အသီးအားလုံးဟာ မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲပြီး ဓာတ်မြေဩဇာတွေ ဖောဖောသီသီကြီးသုံးပြီး စိုက်ထားတာတွေပေါ့။ လူကို ဘယ်လောက် အန္တရာယ်ပေးမယ်ဆိုတာ မသိနိုင်ဘူး။ ဒါပေမဲ့ စားနေကြရတာပဲ။

## မျိုးသစ်တွေကြောင့် အထွက်တိုး

ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးမျိုးစုံ စတင်သုံးစွဲလာတာ ၆၀ ခုနှစ်များအတွင်းလို့ ထင်တယ်။ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမှာရှိတဲ့ နိုင်ငံတကာဆန်စပါး သုတေသနဌာန (IRRI) က အထွက်တိုး စပါးမျိုးသစ်တွေ တီထွင်ထုတ်လုပ်ပြီး အာရှနိုင်ငံအားလုံး စိုက်ပျိုးကြဖို့ ဖြန့်ဝေပေးခဲ့တယ်။ အဲဒီအချိန်က မနီလာဆိုတာ ဆီးတိုးစစ်အုပ်စုရဲ့ ဌာနချုပ် ရုံးစိုက်ရာ မြို့ကြီး ဖြစ်တယ်။ အမေရိကန်တွေရဲ့ ထောက်ပံ့ကူညီမှုနဲ့ IRRI မှာ ဆန်စပါး သုတေသနလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ခဲ့တယ်။ အဲဒီမျိုးသစ်တွေ အထွက်ကောင်းဖို့အတွက် ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေး သုံးပေးဖို့တော့ လိုတယ်။ ကမ္ဘာ့ စားနပ်ရိက္ခာအဖွဲ့ (FAO) လို အဖွဲ့တွေက ပိုးသတ်ဆေးသုံးနည်း သင်တန်းတွေပေးပြီး ပညာပေး လက်ကမ်းကြော်ငြာတွေ ဝေငှတယ်။



## မြစိမ်းရောင် တော်လှန်ရေး

IRRI ရဲ့ ကျေးဇူးကြောင့် ပါကစ္စတန်တို့၊ အိန္ဒိယတို့မှာ ပြည်တွင်းစပါးအထွက်တိုးပြီး နိုင်ငံခြားဆန် ဝယ်ယူတင်သွင်းနေရတာ လျော့ကျသွားတယ်။ အငတ်ဘေး ပြဿနာလည်း အများကြီးသက်သာ ကျဆင်းသွားတယ်။ အဲဒါကြောင့် စပါးမျိုးသစ်တွေနဲ့ စိုက်ပျိုးရေးနည်းစနစ်တွေကို 'မြစိမ်းရောင် တော်လှန်ရေး'(Green Revolution) လို့တောင် ကင်ပွန်းတပ်ခဲ့ကြတယ်။ IRRI လည်း ငြိမ်းချမ်းရေး နိုဘဲလ်ဆုကြီး ချီးမြှင့်ခံရတယ်။ ယူရီးယားတို့၊ ပုလဲတို့၊ အာမိုးနီးယားတို့ဆိုတဲ့ မြေဩဇာတွေဟာလည်း လယ်သမားတိုင်းရဲ့ 'ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်'အဖြစ် ခေတ်ရှိလာခဲ့တယ်။

## အကျင့်ဖြစ်နေပြီ

နှစ်ပေါင်းလေးငါးဆယ် ကြာတဲ့ အခုအချိန်ရောက်တော့ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးတွေသုံးပြီး စိုက်ပျိုးတာ မကောင်းဘူးဆိုတဲ့ ပညာပေး လှုံ့ဆော်မှုတွေ ထွက်လာတာ တွေ့ရတယ်။ တောင်သူလယ်သမားတွေက အခုဆိုရင် မြေဩဇာနဲ့ ပိုးသတ်ဆေးမရှိရင် မစိုက်တတ်ကြတော့ဘူး။ အကျင့်ဖြစ်နေပြီ။ မြစိမ်းရောင် တော်လှန်ရေးအကြောင်း စဉ်းစားမိတော့ တစ်ချိန်တည်းလောက်မှာပဲ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီး (WHO) က ဦးဆောင်ပြီး တစ်ကမ္ဘာလုံးကို လှုံ့ဆော်ခဲ့တဲ့ ကလေးနို့မှုန့်ဘူးကိစ္စကို ပြေးပြီး သတိရပြန်တယ်။ အဲဒီခေတ်က မိခင်နို့ကတစ်ဆင့် ကလေးကို ရောဂါကူးစက်နိုင်တယ်။ အထူးစီမံ ဖော်စပ်ထားတဲ့ နို့မှုန့်ဘူးတွေကိုပဲ တိုက်သင့်တယ်လို့ ပညာပေးဆော်ဩမှုတွေ လုပ်ခဲ့ကြတယ်။

## သီပွံလည်း မယုံရပါလား

ဟော ... အခုတော့ လုံးဝ ဆန့်ကျင်ဘက်ကို ပြောင်းသွားပြီး မိခင်နို့က လွဲပြီး မွေးစက ၆ လ အရွယ်အထိ ရေတောင်မတိုက်နဲ့လို့ ပညာပေးကြပြန်တယ်။ သိပ္ပံပညာကလွဲပြီး ဘာဆိုဘာမှ မယုံရတဲ့ ကျွန်တော်တို့လို လူမျိုးတွေအဖို့တော့ တော်တော် ဘေးကျပ်နံကျပ် ဖြစ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာကို အကြွင်းမဲ့ မှန်တယ်လို့ယုံပြီး ရှေးရိုးစဉ်လာတွေကို ပစ်ပယ်ခဲ့တာ မဟုတ်လား။ ဟော … အခုတော့ သိပ္ပံပညာဆိုတာလည်း ယုံကြည်စိတ်ချထားလို့ မရတော့ဘူးလို့ သိလိုက်ရတော့ တုန်လှုပ်သွားရတယ်။ တစ်နေ့ကပဲ အမေရိကန်နိုင်ငံမှာ FDA ရဲ့ ခွင့်ပြုချက်နဲ့ ရောင်းချနေတဲ့ ဆီးချိုရောဂါပျောက်ဆေး တစ်မျိုးဟာ ၅ နှစ်ကြာတော့မှ နှလုံးရောဂါနဲ့ သေဆုံးမှုတွေဖြစ်စေကြောင်း တွေ့ရှိရလို့ FDA က ပြန်လည်စစ်ဆေးနေကြောင်း သတင်းတွေ ဖတ်လိုက်ရသေးတယ်။

## ကာလာမသုတ် သတိရ

နောက်ဆက်တွဲအနေနဲ့လည်း အမေရိကန် FDA အဖွဲ့ကြီးဟာ ဆေးကုမ္ပဏီကြီးများရဲ့ အထောက်အပံ့နဲ့ မကင်းဘူးဆိုတဲ့ ဝေဖန်ချက်တွေလည်း ပေါ်ထွက်လာတာ တွေ့ရတယ်။ ဘယ်သူ့ကိုမှ မယုံနဲ့၊ ဘာကိုမှ မယုံနဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ပိုင်းခြားပြီး ယုံသင့်မှယုံဆိုတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ ကာလာမသုတ်ကိုပဲ ပြေးပြီး သတိရလိုက်မိတော့တယ်။ ဆရာတွေပြောတိုင်း၊ စာအုပ်ကြီးတွေထဲမှာ ရေးထားတိုင်း မျက်စိမှိတ်ပြီး ယုံရင် ပညာတတ်လို့ ဆိုနိုင်ပါ့မလား။ ကာလ ဒေသ အဂ္ဂခနဲ့ ဆိုတဲ့စကားအတိုင်း အခြေအနေနဲ့ အချိန်ကိုလိုက်ပြီး ပြောင်းလဲတတ်တဲ့ သဘာဝတွေကို ထည့်စဉ်းစားပြီး ကိုယ်ပိုင်အဖြေ ထုတ်ယူနိုင်ဖို့ လိုတယ်မဟုတ်လား။

## ကားလ်မတ်ရဲ့ ဝါဒ

ဒီနေရာမှာ တရုတ်ပြည်က မော်စီတုန်းကို နမူနာထား ပြောချင်တယ်။ မတ်ဝါဒလို့ခေါ်တဲ့ ကွန်မြူနစ်ဝါဒဟာ ကားလ်မတ်ခေတ်က ဥရောပတိုက်ရဲ့ အခြေအနေကို သုံးသပ်ပြီး မတ်နဲ့ အိန်ဂျယ်တို့က သဘောတရား ထုတ်ယူခဲ့ကြတာ ဖြစ်တယ်။ ဥရောပ အရင်းရှင်စနစ်ရဲ့ အလုပ်ရှင်နဲ့ အလုပ်သမား အကျိုးစီးပွားချင်း ဆန့်ကျင်ဘက်ဖြစ်မှုတွေကို ဖြေရှင်းဖို့ ကွန်မြူနစ်စနစ်ကို ထူထောင်ခဲ့ကြတာ ဖြစ်တယ်။ ရုရှားနိုင်ငံမှာ လီနင်က ကွန်မြူနစ်စနစ် ထူထောင်တော့ မတ်နဲ့ အိန်ဂျယ်တို့ရဲ့ အယူအဆအတိုင်း မြို့ပြ စက်မှုအလုပ်သမားကို အဓိကအင်အားအဖြစ် စည်းရုံး



ထူထောင်ခဲ့တယ်။ အောင်လည်း အောင်မြင်ခဲ့တယ်။ အဲဒီအချိန်က ရုရှားမှာ စက်မှုအလုပ်သမား လူတန်းစားက ထုနဲ့ထည်နဲ့ ရှိနေပြီ ဖြစ်တာကိုး။

## ပဒေသရာဇ်တစ်ပိုင်း တရုတ်ပြည်

တရုတ်ပြည်မှာ မော်စီတုန်းတို့ စတင် လှုပ်ရှားကြတဲ့အချိန်မှာ တိုင်းပြည်ရဲ့ အခြေအနေဟာ ပဒေသရာဇ်တစ်ပိုင်း အရင်းရှင်တစ်ပိုင်း အဖြစ်သာ ရှိနေသေးတယ်။ စက်မှု အရင်းရှင်စနစ် ပီပီပြင်ပြင်ကြီး မဖွံ့ဖြိုးလာသေးဘူး။ လူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းလောက်က လယ်ယာစိုက်ပျိုးရေးကိုသာ အားကိုးအားထားပြုပြီး ကျေးလက်ဒေသတွေမှာ အခြေချနေထိုင်ခဲ့ကြတယ်။

မော်စီတုန်းမတိုင်ခင် တရုတ်ပြည် ကွန်မြူနစ်တွေက ရှန်ဟဲ၊ ချုံကင်း၊ နန်ကင်းဆိုတဲ့ မြို့ကြီးတွေက အလုပ်သမား လူတန်းစားကိုသာ စည်းရုံးလှုပ်ရှားခဲ့ကြတယ်။ ချန်ကေရှိတ် အစိုးရရဲ့ နှိပ်ကွပ်မှုမျိုးစုံကို အကြိမ်ကြိမ်ခံရပြီး ခေါင်းမထောင်နိုင်ခဲ့ဘူး။

## လယ်သမားက အဓိကအင်အား

မော်စီတုန်းတို့လက်ထက် ရောက်လာတော့မှ တရုတ်ပြည်ရဲ့ အဓိကအင်အားဟာ ကျေးလက်က လယ်သမားတွေ ဖြစ်တယ်။ ဒါကြောင့် ကျေးလက်ကို အခြေခံပြီး လယ်သမားလူတန်းစားကို စည်းရုံးရမယ်ဆိုတဲ့ အယူအဆနဲ့ ကျေးလက်ဒေသတွေဆီ ဆင်းခဲ့ကြတယ်။ အဲဒီအချိန် ရုရှားက စတာလင်နဲ့ တခြား ကွန်မြူနစ်တွေအားလုံးက မော်စီတုန်းကို ရှုတ်ချခဲ့ကြတယ်။ လယ်သမား လူတန်းစားဟာ စက်မှုအလုပ်သမားလို ပစ္စည်းမဲ့လူတန်းစားစစ်စစ် မဟုတ်ဘူး။ စိတ်မချရဘူး။ ဖောက်ပြန်တတ်တယ်လို့ ဆိုပြီး ယင်အန်းက မော်စီတုန်းကို မထောက်ခံခဲ့ဘူး။ ဒါပေမယ့် နောက်ဆုံးမှာ မော်တို့ အောင်ပွဲခံခဲ့တယ်။

## ပုံတူကူးမချခဲ့ဘူး

မတ်ဝါဒက အလုပ်သမားကို အခြေခံပြီး မြို့ကြီးပြကြီးတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးလှုပ်ရှားရမယ် ဆိုထားတယ်။ အဲဒီအချိန်က ဥရောပရဲ့ အခြေအနေနဲ့တော့ ကိုက်ညီတယ်။ မှန်တယ်။ ဒါပေမယ့် မော်စီတုန်းက လီနင်တို့၊ စတာလင်တို့ လုပ်ခဲ့တဲ့အတိုင်း ပုံတူကူးချပြီး လိုက်မလုပ်ခဲ့ဘူး။ တရုတ်ပြည်ရဲ့ ပကတိအခြေအနေနဲ့ ကိုက်ညီတဲ့ ကိုယ်ပိုင်လမ်းစဉ်တစ်ခု ကြံဆပြီး လုပ်ဆောင်ခဲ့လို့ အောင်မြင်ခဲ့တာ ဖြစ်တယ်။ နောက်ပိုင်းရောက်တော့ မော်စီတုန်းကို တကယ့်တွေးခေါ်ရှင်ကြီး (Great Thinker) တစ်ယောက်အဖြစ်နဲ့ အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုခဲ့ကြတယ်။

**မျက်စိမှိတ် မယုံနဲ့**

မော်စီတုန်းကို ကြိုက်တာ၊ မကြိုက်တာ၊ သဘောတူတာ၊ မတူတာထား။ သူများဆီက ပုံတူကူးမချတဲ့ လုပ်နည်းလုပ်ဟန်ကိုတော့ အတုယူသင့်တယ်။ အထူးသဖြင့် အပြောင်းအလဲက သိပ်မြန်တဲ့ သိပ္ပံခေတ်ကြီးမှာ ဘာကိုမှ မျက်စိမှိတ်ပြီး တစ်ထစ်ချ ယုံမှတ်မထားသင့်ဘူး။ ကိုယ်ပိုင် ဉာဏ်နဲ့ ဝေဖန်ပိုင်းခြားပြီးမှ ယုံရမယ်။ ကာလ ဒေသ အင်္ဂါနဲ့ ဆိုတာလည်း ထည့်ပြီး မစဉ်းစားလို့ မဖြစ်ပါဘူး။

***The Hot News Journal***

***Vol. 1, No. 9, 17 September 2010.***

## ပါးစပ် ၁၀ ပေါက် ရှိရင်တောင် ပြောစရာမရှိတော့ပါဘူး

'အတုမြင် အတတ်သင်' ဆိုတဲ့ ဆိုရိုးစကားအကြောင်း သေသေချာချာ စဉ်းစားကြည့်မိတယ်။ အတုကိုမြင်ရင် တတ်အောင်သင်ရမယ်ဆိုတာ ဘယ်လိုကြီးလဲလို့ အမှတ်တမဲ့တော့ တွေးမိတယ်။ နောက် သေသေချာချာ စဉ်းစားကြည့်မှ ရှေးလူကြီးများက တော်ရိလျော်ရိ ပြောခဲ့တာ မဟုတ်ပါလားလို့ သဘောပေါက်သွားတယ်။

**ပေါချောင်မကောင်း**

ဘာမဆို အစစ်က ကောင်းတယ်။ အဖိုးတန်တယ်။ လုပ်ဖို့ ခက်တယ်။ တော်ရုံ အရည်အချင်းနဲ့ မဖြစ်ဘူး။ အစစ်ကို တုပထားတဲ့ အတုဆိုတာကျတော့ 'ပေါချောင်မကောင်း' ဖြစ်တယ်။ ဘယ်သူမဆို လိုက်တုပြီး လုပ်နိုင်တယ်။ ဘာအရည်အချင်းမှ မလိုဘူး။ တန်ဖိုးလည်း မရှိဘူး။ ဒီသဘောနဲ့ လူကြီးတွေက 'အတုမြင် အတတ်သင်' လို့ ပြောခဲ့တာ ထင်တယ်။ ဒီကနေ့ လူငယ်တွေက ဘယ်လိုအရာမျိုးတွေကို လိုက်တုနေကြသလဲ ဆိုတာ ကြည့်လိုက်ရင် ထင်ရှားလာလိမ့်မယ်။ မြန်မာ့ရုပ်ရှင် ဇာတ်ကား တချို့ဟာ ကိုရီးယားကား၊ တရုတ်ကား၊ ကုလားကားတွေကို လိုက်

www.burmeseclassic.com

www.burmeseclassic.com



တုပြီး ရိုက်ကြတယ်လို့ ပြောကြတယ်။ ဇာတ်လမ်းကျောရိုးကို ကူးချတာ၊ နိုင်ငံခြားထွက်ပြီး ရိုက်ကြတာ၊ မြို့လယ်ကောင်ကြီးမှာ တဒိုင်းဒိုင်းနဲ့ သေနတ် တွေ လျှောက်ပစ်ကြတာ စတဲ့ အပေါ်ယံကိစ္စတွေကို လိုက်တုထားကြတာ ချည်းပဲ။ သူတို့ရဲ့ အနုပညာ အစစ်အမှန်ကိုတော့ မီအောင်တုနိုင်ကြတာ မဟုတ်ဘူး။

## လျှပ်ပေါ်လော်လည်တာပဲ တု

မင်းသား၊ မင်းသမီးတွေက ဘာအတုယူကြသလဲ ကြည့်လိုက်ဦး။ သူတို့မင်းသား၊ မင်းသမီးတွေရဲ့ သရုပ်ဆောင်မှု အတတ်ပညာကို အတုယူကြတာ မဟုတ်ဘူး။ လျှပ်ပေါ်လော်လည်တဲ့ ဝတ်စားဆင်ယင်မှုတွေနဲ့ ဘီယာသောက်၊ ဝိုင်သောက်တာတွေပဲ လိုက်တုနေကြတယ်။ နိုင်ငံခြားက အနုပညာစစ်စစ်ဖြစ်တဲ့ ဘဲလေးအကပညာကို လိုက်တုပြီး ကတာ တစ်ခါမှ မတွေ့ဖူးဘူး။ အမေရိကန် ဂျပိုးတေလေတွေ လမ်းဘေးမှာ ဟစ်အော်ခုန်ပေါက်တာမျိုးတွေ အတုခိုးတာတော့ အမြဲ တွေ့နေရတယ်။ ဘီသိုဗင်တို့၊ ရှိုပင်တို့၊ ချိုက်ကော့စကီးတို့ရဲ့ ဂီတတွေကို အတုယူ တီးခတ်ဖို့ ကြိုးစားတာမျိုးလည်း မတွေ့ဖူးပါဘူး။ နိုင်ငံခြားက ဂီတပညာရှင်တွေ လာတဲ့အခါမှပဲ ကြားဖူးရတော့တယ်။ အစစ်တွေက တုပဖို့ခက်ပြီး အတုတွေကသာ လိုက်တုဖို့ လွယ်တာကိုး။

## ကာတွန်းတွေနဲ့ သရော်ခဲ့ကြ

လျှပ်ပေါ်လော်လည်တာတွေကို အတုမြင် အတတ်သင် လုပ်ကြတာနဲ့ ပတ်သက်ပြီး ရှေး ဆရာဦးဘဂျမ်းတို့ခေတ်က ကာတွန်းတွေနဲ့ သရော်ခဲ့ကြတယ်။ ဆရာဦးဘဂျမ်းတို့က ကွယ်လွန်သွားခဲ့ပြီ။ ဆရာတို့ သရော်ခဲ့တာတွေက ဆက်လက် ရှင်သန်နေဆဲပဲ။ အဲဒီတော့ ဆရာ့တပည့် ကာတွန်း ဦးဖေသိန်းတို့တစ်တွေက သူတို့ဆရာတွေရဲ့ အလုပ်တွေ ဆက်လုပ်ခဲ့ကြတယ်။ သရော်ခဲ့ကြ၊ ဝေဖန်ခဲ့ကြတယ်။ ဆရာဦးဖေသိန်းလည်း ကွယ်လွန်သွားပြီ။ ဆရာတို့ သရော်ခဲ့၊ ဝေဖန်ခဲ့တာတွေက ဆက်လက် ရှင်သန်မြဲ ရှိနေတယ်။ အဲဒီနောက် ဆရာရွှေမင်းသားတို့၊ ငွေကြည်တို့၊



မြေဇာတို့၊ အော်ပီကျယ်တို့၊ ဝင်းအောင်တို့က ပန်းပြောင်း တာဝန်ယူခဲ့ကြတယ်။ ဆရာအစဉ်အဆက် သရော်ခဲ့၊ ဝေဖန်ခဲ့တာတွေကတော့ အားကောင်းမောင်းသန် ရှင်သန်နေကြမြဲပါပဲ။

## ဒေါ်ဒေါ်၊ မမ မကြည့်ဝံ့

အခုဆိုရင် အော်ပီကျယ်တို့၊ ဝင်းအောင်တို့ရဲ့ နောက်မျိုးဆက် လူငယ်လေးတွေ အုံနဲ့ကျင်းနဲ့ ပေါ်ထွက်လာလိုက်ကြတာ အားရစရာကြီး။ သူတို့လူငယ်တွေလည်း တာဝန်ကျေကြတယ်။ ရှေ့ ဆရာအဆက်ဆက် ထမ်းဆောင်ခဲ့ကြတဲ့ တာဝန်တွေကို လက်ဆင့်ကမ်း သယ်ယူပြီး အမြင်မတော် ဆင်တော်နဲ့ ခလောက် ဖြစ်နေတဲ့ကိစ္စ မှန်သမျှ သရော်ကြ၊ ဝေဖန်ကြ လုပ်ကြတယ်။ ဒါပေမယ့် ခလောက်တွေက ဒေါင်ဒေါင်မြည်ပဲ။ အားကောင်း မောင်းသန် ဖြစ်နေဆဲပါပဲ။ ဆရာဦးဘဂျမ်းတို့ခေတ်က ပဒုမ္မာ ပိတ်ပါးအကျႌ ဝတ်တာကို သရော်ခဲ့ကြတယ်။ 'ကိုကို မကြည့်ဝံ့၊ မောင်မောင် မကြည့်ဝံ့'လို့ နာမည်တပ်ခဲ့ကြတယ်။ ဟော ... အခုတော့ ပိတ်ပါးလေးတောင် မဝတ်တော့ဘူး။ ကျောဗလာ၊ ရင်ဗလာနဲ့ ပေါင်ရင်းရောက် စကတ်တို၊ ဘောင်းဘီတိုနဲ့။ ကိုကိုတွေ၊ မောင်မောင်တွေ မဆိုထားနဲ့။ မိန်းကလေးချင်းတောင် မကြည့်ဝံ့တော့လို့ 'ဒေါ်ဒေါ် မကြည့်ဝံ့၊ မမ မကြည့်ဝံ့' ကောင်မလေးတွေလို့ ခေါ်ရတော့မှာပဲ။

## စပွန်ဆာပြိုင်

ရုပ်ရှင်တွေနဲ့ ရုပ်မြင်သံကြားတွေထဲ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေထဲ မြင်တွေ့နေရတဲ့ ဝတ်စားဆင်ယင်မှုတွေ အကြောင်းသာ ပြောနေတာ။ တကယ်တော့ ဖျော်ဖြေရေး လောကသားတွေထဲမှာ ဒါထက်မက ဆိုးတာတွေ အများကြီး ရှိသေးတယ်။ ရှက်စရာကို ရှက်စရာ မမှတ်တော့တာ။ ဂုဏ်မယူသင့်တာကို လူရှေ့သူရှေ့မှာ ဂုဏ်ယူဝင့်ကြွား ပြောဆိုနေကြတာ။ စပွန်ဆာကြီး၊ စပွန်ဆာလေးဆိုပြီး စပွန်ဆာ နှစ်ယောက်၊ သုံးယောက်ထားတာ။ ဒါကိုပဲ အချင်းချင်း ဂုဏ်ပြိုင်နေကြတာ။ လက်မထပ်ဘဲ အတူနေတာကို ရပ်ကွက်ကိုတောင် ရှက်ရကောင်းမှန်း မသိတာ စတဲ့ စတဲ့ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



တွေ မနည်းပါလား။ အိမ်ထဲက အိမ်ပြင် မထွက်နိုင်တဲ့သူရဲ့ နားထဲမှာ တောင် မဆုံ့အောင် ကြားနေရတယ်။ ကွန်ပျူတာ ဖွင့်လိုက်တာနဲ့ ဟိုက ဒီက လက်ဆင့်ကမ်းကြတဲ့ ပုံပေါင်းစုံလည်း မနည်းလှပါဘူး။

## စာနယ်ဇင်းတွေမှာ တာဝန်ရှိတယ်

ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး တချို့က နိုင်ငံခြားဓာတ်လမ်းတွဲတွေနဲ့ ဖျော်ဖြေရေး အစီအစဉ်တွေကို အပြစ်တင်ကြတယ်။ တချို့က တင်သွင်း ဖြန့်ချိသူတွေကို အပြစ်တင်ကြတယ်။ တချို့ကတော့ ကိုယ်ခံအားမကောင်း လို့ ဖြစ်ရတာလို့ ထောက်ပြကြတယ်။ စာနယ်ဇင်းသမား တစ်ယောက် အနေနဲ့ သူများကိုချည်း လက်ညှိုးမထိုးချင်ဘူး။ စာနယ်ဇင်းတွေမှာလည်း အများကြီး တာဝန်ရှိတယ်လို့ ပြောချင်တယ်။ စာနယ်ဇင်းဆိုတာ ပြည်သူ လူထု သိသင့်သိထိုက်တဲ့အရာ မှန်သမျှ ရှာဖွေစုဆောင်း တင်ပြရမယ့် တာဝန် ရှိတယ်။ ဖျော်ဖြေရေးနယ်ပယ်ဆိုတာ အများ စိတ်ဝင်စားတဲ့ နယ်ပယ်တစ်ခုဖြစ်လို့ ဖျော်ဖြေရေးလောကနဲ့ လောကသားတွေအကြောင်း လည်း ရေးပေးရမှာပဲ။ ဒါပေမယ့် ဖျော်ဖြေရေးလောကသားတွေ လင်ယူ သားမွေးလုပ်တာ၊ လင်မယားကွဲတာ၊ ဘန်ကောက် ဈေးဝယ်ထွက်တာ၊ ဖူးခက်ကို အလည်သွားတာ စတာမျိုးတွေက သတင်းမှမဟုတ်တာ။ ဘယ် သူ့အတွက်မှ အကျိုးမရှိတဲ့ စကားသိမ် စကားဖျင်းတွေပဲ။

## ပါးစပ် ၁၀ ပေါက် ပါရင်တောင်

ဖင်ပေါ်ရင်ပေါ် ဝတ်စားဆင်ယင်မှုတွေ ပျံ့နှံ့သွားအောင် ဖြန့်ချိ ပေးတာလည်း ဂျာနယ်၊ မဂ္ဂဇင်းတွေပါပဲ။ တချို့မဂ္ဂဇင်းများက ကြွေစက္ကူ နဲ့ ရောင်စုံပုံတွေ ဖောဖောသီသီကြီးကို ထည့်ပေးကြတယ်။ ရင်ရှားဂါဝန် နဲ့ မင်းသမီး ပွဲတက်လာတာကို ဂျာနယ်၊ မဂ္ဂဇင်းတွေက မဖော်ပြရင် နယ်က မိန်းကလေးဆီ ရောက်မသွားနိုင်ပါဘူး။ လျှပ်ပေါ်လော်လည်တဲ့ ယဉ်ကျေး မှုတွေကို တစ်နိုင်ငံလုံး ပျံ့နှံ့အောင် လုပ်ပေးတာ လျှပ်ပေါ်လော်လည်တဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေက အများဆုံး ဖြစ်တယ်။ ဒီအတွက် စာနယ်ဇင်းသမား တစ်ယောက်အနေနဲ့ အများကြီး စိတ်မကောင်းဖြစ်မိတယ်။ ပါးစပ် ၁၀



ပေါက် ရှိရင်တောင် ပြောစရာစကား မရှိပါဘူးဆိုတဲ့ ကိုရီးယားကား တွေထဲက စကားနဲ့ပဲ စာဖတ်ပရိသတ်ကြီးကို တောင်းပန်လိုက်ရပါတယ်။

*The Hot News Journal*

*Vol. 1, No. 10, 24 September 2010.*

www.burmeseclassic.com

www.burmeseclassic.com

# လူငယ်တွေက မြစ်ကို မြစ်မှန်းသိတယ်

လူငယ်တွေနဲ့ စကားပြောတဲ့အခါ စေတနာ အလွန်ထက်သန်ကြတာကို တွေ့ရလို့ ဝမ်းသာရတယ်။ လူငယ်လေးတွေသာ ဖြစ်ကြတယ်။ သူတို့အကျိုးအတွက် ဘာမှ သိပ်ပြီး ရေကြီးခွင့်ကျယ်နဲ့ ရှေ့တန်းမတင်ကြဘူး။ တိုင်းပြည် တိုးတက်ချင်စိတ်ပဲ ထားကြတယ်။

## ပင်လယ်ကို ပင်လယ်မှန်းသိ

ဒီခေတ် လူငယ်လေးတွေက ၂၁ ရာစုလူငယ် ပီသတယ်။ ဘာပဲတွေးတွေး ကမ္ဘာနဲ့ချိပြီး တွေးတယ်။ ဝါးလုံးခေါင်းထဲ လသာမနေကြဘူး။ ပင်လယ် သမုဒ္ဒရာတွေကို အကြိမ်ကြိမ် ဖြတ်သန်းသွားလာနေကြလို့ ပင်လယ်ကို ပင်လယ်မှန်း၊ သမုဒ္ဒရာကို သမုဒ္ဒရာမှန်း သိတယ်။ မူးကို မြစ်ထင်နေတဲ့ လူစားတွေ မဟုတ်ကြဘူး။ ကျွန်တော်တို့ ငယ်စဉ်ကနဲ့ အများကြီး ကွာခြားသွားပြီ။ ကျွန်တော်တို့ မန္တလေးတက္ကသိုလ်ရောက်စက ရေနီမြောင်းဘွဲ့ ကဗျာတွေ၊ စာတွေ အများကြီး ဖတ်ရတယ်။ အားကျအတုယူပြီး နံရံကပ်စာစောင်တွေမှာ ကိုယ်တိုင်လည်း ရေနီမြောင်းဘွဲ့ ကဗျာတွေ၊ စာတွေ ရေးခဲ့တယ်။ အဲဒီအချိန်ကတော့ ရေနီမြောင်းလေး ဝန်းရံ



စီးဆင်းနေတာကိုပဲ 'ရတနာနဒီ'မော်ကွန်းဖွဲ့သလို ဖွဲ့သင့်တယ်လို့ ထင်မှတ်ခဲ့တာပေါ့။

## ရေနီမြောင်းနဲ့ အင်းလျား

ရန်ကုန်ကို ကျောင်းပြောင်းလာပြီး အင်းလျားကန်ကြီးကို တွေ့လိုက်ရတော့ ရင်သပ်ရှုမောဆိုတဲ့အတိုင်း တအံ့တသြနဲ့ ရှုလို့မမောနိုင် ဖြစ်ရတော့တယ်။ စာတွေထဲမှာ ဖတ်ထားပေမယ့် ဒီလောက် ကြီးကျယ်ခမ်းနားပြီး ဒီလောက် သာယာလှပလိမ့်မယ်လို့ မထင်ခဲ့မိဘူး။ ကိုယ်တွေ့ကြုံမှ အင်းလျားကို ချစ်ရကောင်းမှန်း သိသွားတယ်။ တစ်ချိန်တည်းမှာပဲ ရေနီမြောင်းဆိုတာ ကာဘိုးဆည်က ထွက်လာတဲ့ မူးကလေးလောက်တောင် မရှိပါလားလို့ အမြင်မှန် ရသွားတယ်။ ရေနီမြောင်းလို့ ကင်ပွန်းတပ်ထားတဲ့အတိုင်း ရေကလည်း ကာကာဆိုင်က လက်ဖက်ရည်အရောင်လို နီကျင်ကျင်နဲ့။ ကိုယ့်အရပ်၊ ကိုယ့်ဒေသမို့သာ စာဖွဲ့ရတာ။ တကယ်တော့ ရေနီမြောင်းနဲ့ အင်းလျား တခြားစီပါပဲ။

## မီးစောင်းတန်းကြီးတွေ

ကျေးဇူးကန်းတာ မဟုတ်သလို မလွမ်းတာလည်း မဟုတ်ပါဘူး။ တကယ်တော့ မန္တလေးတက္ကသိုလ်မှာ ရန်ကုန်တက္ကသိုလ်က ဘယ်လိုမှ မယှဉ်နိုင်တဲ့အလှတွေ အများကြီး ရှိပါတယ်။ မနက်စောစော ပြာလဲ့လဲ့၊ ညနေစောင်းတော့ ညို့ညို့မှိုင်းမှိုင်း၊ ညပိုင်းရောက်တော့ မီးစောင်းတန်းကြီးတွေနဲ့ ထိန်ထိန်ညီးတဲ့ ရှမ်းတောင်တန်းကြီးတွေရဲ့ အလှမျိုး ရန်ကုန်က ဘယ်မြင်ဖူးကြမှာလဲ။ အဲဒီ ရှမ်းတောင်တန်းကြီးတွေနဲ့ မန်းတက္ကသိုလ်ကြီးရဲ့ ကြားမှာတော့ တစ်မျှော်တစ်ခေါ်ကြီး ရှုမဆုံးတဲ့ လယ်ကွင်းစိမ်းစိမ်းတွေက လေယူရာတိမ်းပြီး ယိမ်းနွဲ့နေကြတယ်လေ။ မြူတိမ်ကင်းစင်တဲ့အချိန်တွေမှာ လယ်ကွင်းစိမ်းစိမ်းတွေကြား ရပ်ပြီး ထန်းပင်တွေကို ကျော်ကြည့်လိုက်ရင် ကျွဲနဖားတောင်ထွတ်ကို မှုန်ရီဝိုးဝါး မြင်တွေ့နိုင်တယ်။ တောင်တန်းတွေရဲ့အလှ၊ လယ်ကွင်းစိမ်းစိမ်းတွေရဲ့ အလှ၊ မြူနဲ့ တိမ်တွေရဲ့ အလှ စတဲ့ စတဲ့ သဘာဝ အလှမျိုးတွေကို ရန်ကုန်တက္ကသိုလ်သာ လူ

www.burmeseclassic.com

www.burmeseclassic.com



တွေ ဘယ်မြင်ဖူး၊ ခံစားဖူးမှာလဲ။ ရန်ကုန်က အလှက အလှတု၊ အနောက်တိုင်းကို တုထားတဲ့ အတုအယောင် ပကာသန အလှ။ မန္တလေးတက္ကသိုလ်ရဲ့ အလှက သဘာဝအလှစစ်စစ်၊ မြန်မာ့အလှ စစ်စစ်။

## အင်းလျားဆိုတာ ကန်ငယ်လေး

လွန်ခဲ့တဲ့ နှစ် ၅၀ ကျော်က အခြေအနေကို ပြောတာပါ။ အခုတော့လည်း ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်တွေ ဖြစ်ကုန်ပါပြီ။ ပြောချင်တဲ့အကြောင်းက 'မမြင်ဖူး မူး မြစ်ထင်'ဆိုတဲ့ သဘာဝကိုပါ။ အင်းလျားကို မမြင်ဖူးခင်က ရေနီမြောင်းကို လှလိုက်တာ ထင်ခဲ့တယ်။ အင်းလျားကို မြင်တော့ ရင်သပ်ရှုမော ဖြစ်သွားရတယ်။ ပင်လယ် သမုဒ္ဒရာတွေကို မြင်တော့လည်း အင်းလျားဆိုတာ ကန်ငယ်လေးတစ်ခုပါလားလို့ မြင်သွားတော့တယ်။

## မချင့်မရဲဖြစ်ကြ

ကျွန်တော်တို့ ရန်ကုန် ကျောင်းလာတက်တဲ့ အချိန်တုန်းက ရန်ကုန်နဲ့ မန္တလေး နေ့ချင်းပေါက်သွားလို့ ရတာမဟုတ်ဘူး။ မန္တလေးက မနက်ထွက်တဲ့ ရထားဟာ ပျဉ်းမနားမှာ ညအိပ်ရတယ်။ နောက်နေ့ မနက်မှ ရန်ကုန်ကို ထွက်ရတယ်။ ညဘက် ရထားမမောင်းနိုင်ဘူး။ အခုခေတ် လူငယ်တွေကတော့ ဘန်ကောက်၊ စင်ကာပူတို့လို နိုင်ငံရပ်ခြားတွေကို တောင် အိမ်ဦးနဲ့ ကြမ်းပြင်လို ဥဒဟို သွားလာကူးသန်းနေကြတယ်။ တချို့လူများဆိုရင် ဖိနပ်တစ်ရန်ဝယ်ဖို့၊ ပိုက်ဆံအိတ်တစ်လုံးဝယ်ဖို့တောင် ဘန်ကောက်သွား၊ စင်ကာပူသွား လုပ်နေနိုင်ကြတယ်။ အဲဒီလို ဥဒဟို သွားလာနေကြတော့ တခြားနိုင်ငံတွေနဲ့ ယှဉ်ကြည့်ပြီး စိတ်ထဲမှာ အားမလိုအားမရ ဖြစ်ကြတယ်။ မချင့်မရဲ ဖြစ်ကြတယ်။ ကိုယ့်တိုင်းပြည်ကိုလည်း ခုန်ပျံကျော်လွှား တိုးတက်စေချင်ကြတယ်။ အဲဒါကြောင့် ရင်ဖွင့်လို့ရတဲ့ နေရာ ရောက်တော့ ရင်ဖွင့်ကြတယ်။



## မခံချို မခံသာ

ရင်ဖွင့်ရင်းနဲ့ တောက်တခေါက်ခေါက် ဖြစ်ကြတယ်။ သယံဇာတဆိုလို့ သောက်ရေတောင် မရှိလို့ နိုင်ငံခြားက ရေဝယ်သောက်နေရတဲ့ ရန်ကုန်မြို့ တစ်မြို့စာ သာသာလောက်ရှိတဲ့ နိုင်ငံငယ်လေးက ခေါင်းတမော့မော့၊ ရင်တကော့ကော့ လုပ်နေတာကိုကြည့်ပြီး မခံချို မခံသာ ဖြစ်ကြတယ်။ မြန်မာတွေလောက်မှ အင်္ဂလိပ်စာမကောင်းတဲ့ တခြား အာရှနိုင်ငံတွေက သူတို့ကိုယ်သူတို့ 'အာရှကျား၊ အာရှကျား'နဲ့ တစ်ကြွားတည်းကြွားနေတာတွေကို ကြည့်ပြီး နာလိုခံခက် ဖြစ်ကြတယ်။ နောက်ဆုံးကျတော့ စိတ်ဓာတ်တွေ ကျဆင်းသွားကြတော့တယ်။

## စိတ်ဓာတ်မကျဖို့

အဲဒီလို စိတ်ဓာတ်ကျတဲ့ လူငယ်တွေကို စိတ်ဓာတ်မကျဖို့ တတ်အားသမျှ အားပေးရတယ်။ မြန်မာလူမျိုးများဟာ အာရှတိုက်မှာ ဉာဏ်ရည်ဉာဏ်သွေး အမြင့်ဆုံး၊ အထက်မြက်ဆုံး ဖြစ်တယ်ဆိုတာ ထောက်ပြရတယ်။ အာရှတိုက်မှာ အိန္ဒိယလို အင်္ဂလိပ်စာကို ရုံးသုံးဘာသာစကားအဖြစ် အင်္ဂလိပ်ခေတ်ကအတိုင်း ဆက်လက်သတ်မှတ်ထားတဲ့ နိုင်ငံကလွဲရင် မြန်မာလူမျိုးရဲ့ အင်္ဂလိပ်စာတတ်မြောက်မှု အမြင့်မားဆုံးလို့ ပြောပြရတယ်။ စင်ကာပူသားတွေ အင်္ဂလိပ်စကားပြောတယ် ဆိုပေမယ့် သူတို့ပြောတဲ့ အင်္ဂလိပ်စကားကို အင်္ဂလိပ်တွေ နားမလည်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ပြောတာက 'စင်းဂလိပ်'(Singlish) ဖြစ်နေလို့ပဲ။ နောက်ထပ် အင်္ဂလိပ်စကား အပြောများတဲ့ ဟောင်ကောင်သားတွေ ပြောတာကလည်း 'ပစ်ဂျင်းအင်္ဂလိပ်'(Pidgin English) ဆိုတဲ့ ကကတစ်စကား ဖြစ်တယ်။

## ပစ္စန္တရစ်အရပ် မဟုတ်

မြန်မာလူမျိုးက ပီအောင် မပြောတတ်ဘူးဆိုတဲ့ အင်္ဂလိပ် အသံထွက် မရှိဘူး။ ဘာအသံမဆို ပီအောင် ပြောတတ်တယ်။ သင်လို့ရတယ်။ လူတွေ ညံ့တာမဟုတ်ဘူး။ တိုင်းပြည်ကလည်း ခပ်ညံ့ညံ့ ပစ္စန္တရစ်အရပ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဘယ်နေရာတူးတူး ရေထွက်တယ်။ ရေနံနဲ့ ဓာတ်ငွေ့ ထွက်တယ်။ ကျောက်သံပတ္တမြား ထွက်တယ်။ ကျောက်စိမ်း ထွက်တယ်။ ရွှေထွက်တယ်။ ကြိုက်တဲ့မျိုးစေ့ ယူလပြီး ကြဲတဲ့နေရာ ကြဲချလိုက်။ ဘာမှ လုပ်စရာမလိုဘူး။ အချိန်တန်ရင် အပင်ပေါက်ပြီး အသီးထွက်လာတယ်။ အပူပိုင်းဒေသ သီးနှံမဟုတ်တဲ့ သမပိုင်းဒေသက လိမ္မော်သီး၊ ပန်းသီး၊ စပျစ်သီး၊ သစ်တော်သီး စတဲ့အပင်တွေ၊ အသီးတွေလည်း စိုက်လို့ရတယ်။ သရက်သီးလို၊ ဖရဲသီးလို အပူပိုင်းဒေသ အသီးမျိုးကို အနောက်နိုင်ငံသားတိုင်း စားနိုင်ကြတာ မဟုတ်ဘူး။ ပိုက်ဆံသုံးနိုင်သူမှ စားနိုင်တာ။

### ဘာ ပူစရာရှိလဲ

မြန်မာပြည်မှာ လိမ္မော်သီး၊ စပျစ်သီး၊ ပန်းသီးကို ပိုက်ဆံမရှိ မစားနိုင်ဘူးဆိုတာ မရှိဘူး။ လူတိုင်း စားနိုင်တယ်။ ဘူမိနက်သန်စစ်စစ် တိုင်းပြည် ဖြစ်တယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ မခက်ပါဘူး။ သယံဇာတတွေ ရှိတယ်။ ဉာဏ်ရည်ဉာဏ်သွေး မြင့်တဲ့လူတွေ ရှိတယ်။ သန်း ၅၀ ကျော်တဲ့ လုပ်အားတွေ ရှိတယ်။ ဘာပူစရာရှိသလဲ။ စိတ်ဓာတ်ကျစရာ မလိုပါဘူး။

*The Hot News Journal*

*Vol. 1, No. 13, 15 October 2010.*

## ဘောလုံးပွဲမှာလည်း ကြောင်ဖြူကြောင်မည်း

ဘောလုံးပွဲကြိုက်တာ တူတဲ့ မိတ်ဆွေတစ်ဦးက တယ်လီဖုန်း ဆက်ရင်း ဘောလုံးပွဲတွေ ကြည့်ဖြစ်လားလို့ မေးတယ်။ သူကတော့ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပွဲ ပြီးကတည်းက စိတ်ပျက်သွားလို့ မှန်မှန်မကြည့်ဖြစ်တော့ဘူးလို့ ပြောညည်းလေး ညည်းသွားပါတယ်။

### နှစ် ၅၀ လောက် ကြည့်လာသူ

သူက ဘောလုံးကို စွဲစွဲမြဲမြဲကြိုက်သူ ဖြစ်တယ်။ ကလေးဘဝ တစ်မတ်တန်းခေတ်ကတည်းက ကြည့်လာခဲ့တာဆိုတော့ ဘောလုံးပွဲကြည့်တဲ့ သက်တမ်းတောင် ၅၀ လောက်ရှိပြီလို့ ဆိုနိုင်သူဖြစ်တယ်။ အရင်ကဆိုရင် ညသန်းခေါင်ကျော်မှာ ကန်တဲ့ ပွဲကြီးပွဲကောင်းတွေ ကြည့်ရင်း ပထမပိုင်းပြီးလို့ အနားပေးချိန်ကလေးမှာတောင် ဖုန်းလှမ်းဆက်ပြီး ကစားပုံသုံးသပ်ချက်တွေ ပြောလေ့ပြောထရှိသူ ဖြစ်တယ်။ အခုတော့ ဘောလုံးပွဲတွေကြည့်ရတာ အရသာမတွေ့တော့လို့ ကြည့်ချင်တဲ့စိတ် နည်းသွားပြီလို့ ပြောတယ်။ သူပြောတာ ဟုတ်ပါတယ်။ ကိုယ်တိုင်လည်း စိတ်ပျက်နေတာ ကြာပါပြီ။ ည တစ်ချက်ခွဲလောက်မှ ကန်တဲ့ ချန်ပီယံလိဂ်

www.burmeseclassic.com

www.burmeseclassic.com



ပွဲတွေနဲ့ ယူရိုပွဲတွေကို အိပ်ရေးပျက်ခံပြီး စောင့်မကြည့်တော့တာ ဒီနှစ်ပါဆို သုံးနှစ်ရှိပြီ။ ကျန်းမာရေးထိခိုက်ခံပြီး ကြည့်ရလောက်အောင် မတန်တော့ဘူးလို့ ယူဆလို့ပါ။

## ပွဲကြည့်သူရဲ့ အမြင်

ဘောလုံးပွဲတွေ ကြည့်လို့ မကောင်း၊ အရသာ မတွေ့တော့တာ ဘောလုံးသမားတွေ ညံ့သွားလို့တော့ မဟုတ်ဘူး။ ဒါနဲ့တောင် ဘောလုံးပွဲတွေ ကြည့်မကောင်းကြဘူးဆိုတာ တော်တော် စဉ်းစားရကျပ်တယ်။ ဘောလုံးဝေဖန်သုံးသပ်သူတစ်ဦး မဟုတ်တော့ စနစ်တကျတော့ မပြောတတ်ဘူး။ ဒါပေမယ့် ပွဲကြည့်ပရိသတ်တစ်ယောက်ရဲ့ အမြင်နဲ့ ပြောရရင်တော့ ငွေက အရာရာကို ဖျက်ဆီးပစ်နေတဲ့အတိုင်း ဘောလုံးကိုပါ ဖျက်ဆီးပစ်လိုက်တာလားလို့ သံသယဝင်မိတာတော့ အမှန်ပဲ။ လောင်းကစားနဲ့ လုပ်ပွဲကစားတာတွေ နိုင်ငံတိုင်းမှာ အမှုပေါ်နေကြတာ လူတိုင်းအသိပဲ မဟုတ်လား။ အီတလီနဲ့ ဂျာမနီမှာဆိုရင် ပြီးခဲ့တဲ့နှစ်က ဒိုင်လူကြီးတွေနဲ့ ဘောလုံးအသင်းတွေ အရေးယူခံရတာ နည်းတာမှတ်လို့။

## နည်းပြကြီးတွေ ကင်းရဲ့လား

အင်္ဂလန် ဘောလုံးလောကမှာလည်း လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်က ဘောလုံးသမားတွေ လွန်လွန်ကျူးကျူး လောင်းကစားလုပ်နေတာကြောင့် မီဒီယာတွေက ဝိုင်းပြီး ဝေဖန်ခဲ့ကြတာ မြန်မာဘောလုံးပရိသတ် မှတ်မိကြမှာပါ။ လောင်းကစားလုပ်ရာမှာ ဘောလုံးသမားတွေသာမက အသင်းပိုင်ရှင်နဲ့ နည်းပြကြီးတွေတောင် ကင်းမှကင်းရဲ့လားလို့ သံသယဖြစ်စရာတွေလည်း အများကြီး တွေ့နေရတယ်။ ထိပ်ဆုံးရောက်နေတဲ့ အသင်းကြီးက ဒီနှစ်မှ တန်းတက်လာတဲ့ အသင်းပေါက်စနလေးကို ရှုံးသွားတာမျိုးတွေ မကြာခဏ တွေ့နေရတယ်။ အဲဒီလိုပွဲမျိုးမှာ နည်းပြကြီးတွေ ကစားကွက်ဖျူဟာချပုံနဲ့ လူထုတ်ပုံတွေဟာ မယုံနိုင်လောက်စရာတွေ ဖြစ်ကြတယ်။ သာမန် ပွဲကြည့်ပရိသတ်တစ်ဦးတောင် လူစားလဲသင့်ပြီလို့ သိနေတဲ့ ကစားသမားကို နည်းပြက ပွဲအစအဆုံး သုံးသွားပြီး မလဲ



သင့်တဲ့ ကစားသမားကို လူစားလဲလိုက်တာမျိုးတွေ အများကြီး တွေ့ရတယ်။

## စီးပွားရေးသမားတွေ ဝင်လာကြ

သူတို့နိုင်ငံတွေမှာ လောင်းကစားကို တရားဝင်လုပ်လို့ ရပါတယ်။ ဒါပေမယ့် ရှေးကတော့ ဝါသနာအလျောက် အပျော်တမ်းပဲ လောင်းကစားကြတာပေါ့။ စီးပွားဖြစ်လုပ်တာမျိုး သိပ်မကြားဖူးပါဘူး။ အခုနောက်ပိုင်းကျတော့ အားကစားအားလုံး အပျော်တမ်း မဟုတ်တော့ဘဲ ကြေးစားအဖြစ် ကူးပြောင်းသွားခဲ့ကြတယ်။ အဲဒီအချိန်ကစပြီး စီးပွားရေးသမားတွေ အားကစားလောကထဲ ဝင်ရောက်လာကြပြီး အားကစားကို စီးပွားရေး လုပ်ငန်းကြီးအဖြစ် ပြောင်းပစ်လိုက်ကြတယ်။ ဘောလုံးအသင်းတစ်သင်းရဲ့ ဈေးကွက်တန်ဖိုးဟာ ဒေါ်လာသန်းသုံးလေးရာ ရှိသလို ဘောလုံးသမားကောင်းတစ်ယောက်ရဲ့ ရောင်းဈေးဝယ်ဈေးလည်း ဒေါ်လာသန်းတစ်ရာဝန်းကျင်အထိ ရှိလာခဲ့တယ်။

## တရားဝင် လူကုန်ကူးဈေးကွက်

ကမ္ဘာကျော် ထိပ်သီးဘောလုံးသမားတစ်ယောက်ဟာ တစ်ပတ်ကို လုပ်ခ ဒေါ်လာတစ်သိန်းခွဲက နှစ်သိန်းထိတောင် ရကြတယ်။ ဘောလုံးသမားတစ်ယောက်ရဲ့ တစ်လဝင်ငွေဟာ ဝန်ကြီးချုပ်တစ်ယောက်၊ သမ္မတတစ်ယောက်ရဲ့ တစ်နှစ်စာဝင်ငွေနဲ့ အတူတူလောက် ရှိပါတယ်။ အဲဒီတော့ ဘောလုံးအသင်းပိုင်ရှင်တွေက ဘောလုံးသမားတွေကို ရောင်းကုန်အဖြစ် သဘောထားပြီး အမြတ်ရဖို့အတွက် ရောင်းကြ၊ ဝယ်ကြတွေ လုပ်လာကြတယ်။ ကစားသမားတွေကလည်း ဈေးကောင်းရဖို့အတွက် နာမည်မကြီးကြီးအောင် ပရိယာယ်အဖုံဖုံ၊ စတန့်အမျိုးမျိုး လုပ်လာကြတယ်။ အေးဂျင့်တွေက လုပ်ဓာတ်မျိုးစုံ ဖန်တီးပြီး ရောင်းစွံအောင် လုပ်လာကြတယ်။ အခုဆိုရင် ဘောလုံးလောကဟာ တရားဝင် လူအရောင်းအဝယ်လုပ်ခွင့်ရှိတဲ့ လူကုန်ကူးဈေးကွက်ကြီး ဖြစ်နေပြီလို့ ဆိုရတော့မလောက်ဖြစ်နေတာ တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂလိပ်လူမျိုး မပါတဲ့အသင်း

အင်္ဂလိပ် ဘောလုံးလောကနဲ့ ဘောလုံးပရိသတ်တွေကြားမှာ နှစ်အတော်ကြာကတည်းက မကျေနပ်မှုတွေ ကြီးထွားလာတဲ့အချက်တစ်ချက်ရှိတယ်။ အဲဒါကတော့ အင်္ဂလိပ်တွေပိုင်တဲ့ အင်္ဂလိပ်ဘောလုံးအသင်းတွေ မရှိတော့မှာကို စိုးရိမ်နေရတဲ့ အခြေအနေမျိုး ရောက်နေတာ ဖြစ်တယ်။ အခုလောလောဆယ် ထိပ်သီး အင်္ဂလိပ်ဘောလုံးအသင်းကြီးတွေ တော်တော်များများနဲ့ ပိုင်ရှင်တွေဟာ အရှေ့အလယ်ပိုင်းနဲ့ ရုရှားက ခေတ်ပျက်သူဌေးနဲ့ ပိုက်ဆံရရင် ဘာမဆို လုပ်မယ်ဆိုတဲ့ အမေရိကန် သူဌေးတွေ ဖြစ်နေကြတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် ထိပ်သီး အာဆင်နယ်အသင်းကြီးရဲ့ ပွဲဦးထွက် ဘောလုံးသမား ၁၁ ဦးဟာ အင်္ဂလိပ်မဟုတ်တဲ့ နိုင်ငံခြားသားတွေချည်း ဖြစ်နေလို့ ဝေဖန်သံတွေ အကျယ်ကြီး ထွက်ခဲ့ရတယ်။

## ဖြစ်ရိုးဖြစ်စဉ် သဘာဝ

ဘောလုံးအားကစားလုပ်ငန်းကြီး တစ်ခုလုံးက စီးပွားရေးလုပ်ငန်းကြီးတွေအဖြစ် အသွင်ကူးပြောင်းသွားပြီး ဘောလုံးသမားတွေက ရောင်းကုန် ပစ္စည်းတွေ ဖြစ်သွားကြလေတော့ အားကစားစိတ်ဓာတ်ဆိုတာ ဘယ်လိုလုပ် ရှင်သန်နိုင်တော့မှာလဲ။ ငွေရဲ့လက်အောက်ခံ ဖြစ်သွားရတော့တာပဲပေါ့။ အားကစားသမားတွေကို အပြစ်တင်လို့ မရသလို နည်းပြကြီးတွေကိုလည်း အပြစ်ပြောလို့ မဖြစ်ဘူး။ ဒါဟာ စီးပွားရေးလောကရဲ့ ဖြစ်ရိုးဖြစ်စဉ် သဘာဝ ဖြစ်တယ်။ လူသားအားလုံး ငွေနောက်ပဲ အရူးအမူးလိုက်နေကြတဲ့ ခေတ်ကြီးမှာ အားကစားသမားတွေ ငွေနောက်လိုက်တာ အဆန်းမဟုတ်တော့ပါဘူး။

## မျှော်လင့်လို့တောင် မရနိုင်

ခေတ်ကို လွှမ်းမိုးနေတဲ့ အဘိဓမ္မာကိုက 'ကြောင် ဖြူတာ၊ မည်းတာက ပဓာနမကျဘူး။ ကြွက်မိဖို့သာ လိုရင်းပဲ'ဆိုတာ ဖြစ်နေလေတော့ နေရာတိုင်းမှာ အနိုင်ရဖို့ အဓိက၊ အမြတ်ရဖို့ အဓိက ဖြစ်နေတော့တာ သဘာဝကျပါတယ်။ ငွေက တန်ခိုးအကြီးဆုံး ဖြစ်နေသမျှတော့ အားကစားစိတ်ဓာတ်တို့၊ သန့်ရှင်းမျှတတဲ့ ယှဉ်ပြိုင်မှုတို့ ဆိုတာတွေဟာ မှေးမှိန်သထက် မှေးမှိန်ပြီး နောက်ဆုံးမှာ ပျောက်ကွယ်လုနီးပါး ဖြစ်ရတော့မှာပါ။ ဖင်တကြွကြွ၊ ရင်တမမနဲ့ အသက်ရှူဖို့တောင် တစ်ချက်တစ်ချက်မေ့သွားရတဲ့ ဘောလုံးပွဲတစ်ပွဲရဲ့ ရသကို အပြည့်အဝ ခံစားရဖို့ဆိုတာကတော့ မျှော်လင့်လို့တောင် မရနိုင်တော့ပါဘူးဗျာ။



***The Hot News Journal***

***Vol. 1, No. 15, 29 October 2010.***

www.burmeseclassic.com

www.burmeseclassic.com



## စားသုံးသူ ကာကွယ်ရေး

အရက်နဲ့ ဘီယာ မကြိုက်ပေမယ့် ချဉ်ဖြုံးဖြုံး အရသာလေးရှိတဲ့ မက်မန်းဝိုင်ကိုတော့ ကြိုက်ပါတယ်။ ဒါပေမယ့် တစ်နေ့ကတော့ လက်ဆောင် ရထားတဲ့ ပြင်ဦးလွင် မက်မန်းဝိုင်ဆိုတာတွေ မြည်းကြည့်လိုက်မိတာကြောင့် ဝိုင်ဆိုတာလည်း 'သေတစ်ပန် သက်တစ်ဆုံး' တော်ပါပြီလို့ ဆုံးဖြတ်ချက် ချလိုက်မိပါတော့တယ်။

### ဝိုင်ယောင်ဆောင် ချက်အရက်

မက်မန်းဝိုင်ဆိုတာ မိန်းမနဲ့ ကလေးတွေတောင် သောက်လို့ရတဲ့ အရာလို့ တစ်သက်လုံး သိထားခဲ့ပါတယ်။ မိန်းမနဲ့ ကလေးတွေလည်း သောက်ကြပါတယ်။ အချဉ်ကဲတာနဲ့ အချိုကဲတာပဲ ရှိပါတယ်။ အရက်လို ပြင်းပြင်းရှရှ မဟုတ်ပါဘူး။ အိမ်မှာရှိတဲ့ ဝိုင်တစ်ပုလင်းကို ဖောက်ပြီး ဝိုင်ဖန်ခွက် လှလှလေးထဲ ထည့်သောက်လိုက်မိတော့ တစ်ငုံနဲ့ပဲ လည်ချောင်းထဲ ပူဆင်းသွားပါတယ်။ အနံ့ကလည်း ပြင်းလိုက်တာ ချက်အရက်နံ့ကြီး ကျနေတာပဲ။ ဒါနဲ့ အိမ်မှာရှိတဲ့ တံဆိပ်သုံးလေးမျိုးနဲ့ ပုလင်းတွေကို တစ်ခုပြီးတစ်ခု ဖောက်ကြည့်လိုက်တယ်။ အားလုံးဟာ ချက်အရက်နံ့



တွေ စူးစူးရှရှကြီး ထွက်လာတာချည်းပါပဲ။ မြည်းကြည့်လိုက်တော့လည်း အရက်ပါပဲ။ မက်မန်းသီးအရသာ တစ်စက်ကလေးမှ မရှိပါဘူး။ တော်တော် စိတ်ပျက်သွားတယ်။ ဝိုင်ပုလင်းတွေ၊ ဘူးတွေကတော့ သပ်သပ်ရပ်ရပ်၊ လှလှပပတွေပါပဲ။ ဘူးမှာ ရေးထားသမျှစာတွေ အားလုံးကလည်း အင်္ဂလိပ်စာလုံးတွေချည်းဆိုတော့ ဒီဘက်ပိုင်းမှာ ခေတ်စားလှတဲ့ 'နိုင်ငံတကာ အဆင့်မီ' ဆိုတဲ့ စကားလုံးအတိုင်းလို့ ပြောချင်ရင် ပြောနိုင်လောက်ပါတယ်။

### မှန်ကန်ရိုးသားဖို့ လိုတယ်

ဒါပေမယ့် ဒီလိုစိတ်ဓာတ်မျိုးနဲ့ စီးပွားရေးလုပ်နေရင် ဘယ်လိုလုပ်ပြီး နိုင်ငံတကာကို ဝင်တိုးလို့ရမှာလဲ။ စီးပွားရေးလုပ်တယ် ဆိုတာ ဘယ်လိုစီးပွားရေးပဲလုပ်လုပ် ကြီးကြီး၊ သေးသေး အရေးကြီးဆုံးက မှန်မှန်ကန်ကန် လုပ်ဖို့ပဲ ဖြစ်တယ်။ မရိုးမသားနဲ့ တစ်နပ်စားလုပ်ရင် ဘယ်တော့မှ မကြီးပွားပါဘူး။ မြန်မာနိုင်ငံဟာ ဝိုင်လုပ်ငန်းနဲ့ ကမ္ဘာ့ဈေးကွက်ထဲ ဝင်တိုးနိုင်စွမ်းရှိတဲ့ နိုင်ငံပါ။ မက်မန်းသီး၊ ပန်းသီး၊ သစ်တော်သီးတွေ စိုက်ပျိုးနိုင်သလို စပျစ်သီးတွေလည်း နေရာအနှံ့ စိုက်လို့ရပါတယ်။ ကြိုက်တဲ့ ဝိုင်အမျိုးအစား လုပ်လို့ရပါတယ်။ ဝိုင်ကဝိုင်၊ အရက်ကအရက်ပါ။ ဝိုင်ကြိုက်သူ ဝိုင်သောက်ပါစေ။ အရက်ကြိုက်သူ အရက်သောက်ပါစေ။ ဘာကြောင့် ဝိုင်ကို အရက်ရောပြီး ရောင်းရတာလဲ။ ဝိုင်ကောင်းရင် ဈေးကောင်းကောင်းလည်း ပေးကြမှာပါ။ မှန်မှန်ကန်ကန် ရိုးရိုးသားသား လုပ်လည်း ရနိုင်ပါတယ်။

### အတုတွေ ဘယ်လောက်များနေပြီလဲ

စီးပွားရေးလုပ်ကြရာမှာ ဒီလို မရိုးမသားလုပ်တာတွေ နေရာတိုင်းလိုလိုမှာ ရှိနေပါတယ်။ ဆိုးဆေးကိစ္စနဲ့ တော်တော်ကြီး ဂယက်ထသွားတာကို ကြည့်ပြီး ပြုပြင်သင့်တာတွေ ပြုပြင်ကြဖို့ ကောင်းနေပါပြီ။ တစ်နေ့တစ်နေ့ ကျွန်တော်တို့ခန္ဓာကိုယ်ထဲ အန္တရာယ်ဖြစ်စေတဲ့ အတုတွေ ဘယ်လောက်ထိ ရောက်နေကြသလဲဆိုတာ တွေးကြည့်ရမှာတောင် ကြောက်

www.burmeseclassic.com

www.burmeseclassic.com



နေမိတယ်။ မနက်မိုးလင်း မျက်နှာသစ်တဲ့အခါ သုံးတဲ့ ဆပ်ပြာတံဆိပ် အမျိုးမျိုးတွေထဲမှာ မသန့်တဲ့ဆီတွေနဲ့ ပစ္စည်းတုတွေ ဘယ်လောက်များ ပါနေသလဲ။ မျက်နှာသစ်ပြီး သောက်တဲ့ ကော်ဖီပန်းကန်ထဲ ဘယ်လောက် မွှေမွှေ၊ ဘယ်လောက်နှပ်နှပ် အရည်ပျော်မသွားတဲ့ အနှစ်တွေဟာ ဘာ တွေ ရောထားတာလဲ။ ကော်ဖီစစ်စစ်ချည်းဆိုရင် ဒီလိုအနည်တွေ မကျန် ပါဘူး။ ပြီးတော့ နံပြားနဲ့ ပဲပြုတ် နှစ်မျိုးစလုံးက စားဆော်ဒါနဲ့မှ ဟုတ် ရဲ့လား။ အဝတ်လျှော်ဆိုဒါတွေ သုံးမထားဘူးလား။ နံပြား၊ ပေါင်မုန့်တို့ နဲ့စားတဲ့ မလိုင်ဆိုတာကရော ဘာတွေရောထားလို့ ဒီလောက် ပျစ်ပျစ် နှစ်နှစ် ရှိနေရတာလဲ။

## ကိုယ်ကျင့်တရားတွေ ပျက်စီး

နေ့စဉ် မစားမဖြစ် စားနေရတဲ့ ဆီဆိုတာတွေကရော ဘာမှ မရော ကြဘူးလား။ ပဲဆီစစ်စစ်ဆိုတာက ဘယ်လောက်စစ်တာလဲ။ လူတွေက တော်တော်ခက်တယ်။ အစားအသောက် မဆိုထားနဲ့။ ပန်းတောင်မှ ဆေး ဆိုး၊ ဆေးသွင်းပြီး ရောင်းနေကြတာလေ။ လူတိုင်းလူတိုင်းဟာ နေ့စဉ်နဲ့ အမှု အတုတွေကိုပဲ သုံးစွဲနေကြရတယ်လို့ ပြောရင်တောင် မလွန်ဘူးလို့ ထင်တာပဲ။ စစ်တဲ့ဆေးတဲ့အပိုင်းက ခေါင်းရှုက်ဖျပ်ထိုး ဈေးသည်တိုင်း ကို ဘယ်လိုစစ်နေနိုင်မှာလဲ။ ရောင်းချသူများကိုယ်တိုင်က အသိတရားနဲ့ ဆင်ခြင်ကြမှ ဖြစ်မှာပါ။ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး လူတွေ တော် တော်ကြီး ယုတ်လျော့ကျဆင်းနေတာတော့ နေရာတိုင်းမှာကို ထင်သာ မြင်သာ ဖြစ်နေပါတယ်။ ဒါ မြန်မာပြည်မှာတင် မဟုတ်ဘူး။ ကမ္ဘာတစ်ခု လုံးမှာကို ဖြစ်နေတာ။ သူတို့ဆီမှာ ပိုတောင်ဆိုးသေး။ ဘယ်ခေတ် ဘယ် အခါကမှ မကြားဖူးခဲ့တဲ့ ကိုယ်ကျင့်တရား ဖောက်ဖျက်မှုကြီးတွေ အမြဲ မပြတ် ကြားနေရတယ်။ တချို့ကိစ္စမျိုးများ မြန်မာလူမျိုးတစ်ယောက်အနေ နဲ့ ရေးတောင် မပြရဲလောက်အောင်ကို ဆိုးဝါးကြတာ။

## ကျွမ်းကျင်လုပ်သား မွေးထုတ်ဖို့

လူသားတွေကို ကိုယ်ကျင့်တရား ပျက်ယွင်းပြီး တိရစ္ဆာန်တွေလို



ပြုမူကျင့်ကြံမှုတွေ တစ်နေ့တခြား လွန်ကဲလာရတာဟာ အဓိကအားဖြင့် ဒီနေ့ ကမ္ဘာတစ်ခုလုံးမှာ ကျင့်သုံးနေတဲ့ ပညာရေးစနစ်နဲ့ ဆိုင်လိမ့်မယ် ထင်တယ်။ ဒီနေ့ ပညာရေးစနစ်က နည်းပညာနဲ့ အတတ်ပညာတွေကို သာ အဓိကထားပြီး စိတ်ဓာတ်နဲ့ ကိုယ်ကျင့်တရားပိုင်းကို အလေးထားတဲ့ အသိပညာပိုင်းကို လျစ်လျူရှုလွန်းပါတယ်။ တက္ကသိုလ်နဲ့ ကျောင်းတွေ အားလုံးကလည်း လက်ရှိ စီးပွားရေးနဲ့ လူမှုရေးစနစ်အတွက် လိုအပ်တဲ့ ကျွမ်းကျင်လုပ်သားတွေကို စက်ရုံထဲက ကုန်ပစ္စည်းထုတ်လုပ်သလို အလုံး အရင်းနဲ့ ထုတ်လုပ်ပေးဖို့လောက်သာ လုပ်ဆောင်နေကြတော့တယ်။ 'တက္ကသိုလ်ဆိုတာ ကလေးတွေကို လူကြီးဖြစ်အောင် လုပ်ပေးတဲ့နေရာ' လို့ ရှေးအစဉ်အဆက်က ဆိုခဲ့ကြတယ်။ ပညာနဲ့ စိတ်ဓာတ်ပါ ရင့်ကျက် သွားအောင် လုပ်ပေးတယ်ဆိုတဲ့သဘော ဖြစ်တယ်။ ခုခေတ်က အဲဒီလို မဟုတ်တော့ဘူး။ စောစောက ပြောခဲ့သလို ကျွမ်းကျင်လုပ်သားနဲ့ အခစား ဝန်ထမ်းတွေကိုသာ ထုတ်လုပ်ပေးနေကြတော့တယ်။

## လွယ်တော့ မလွယ်ဘူး

ပညာရေးစနစ်ဆိုတာက စီးပွားရေးစနစ်နဲ့ လူမှုရေးစနစ်က လိုအပ် ချက်အတိုင်း လိုက်နာဆောင်ရွက်ပေးရတာ ဖြစ်လေတော့ ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များရဲ့ အပြစ် မဟုတ်ပါဘူး။ စိတ်ဓာတ်ယဉ်ကျေးမှု အဆင့်မြင့်တဲ့ လူသားတွေ မွေးထုတ်ပေးတဲ့ တက္ကသိုလ်တွေအဖြစ် ပြန်လည် ရောက် ရှိဖို့ဆိုရင် ဒီနေ့ တည်ရှိနေတဲ့ စီးပွားရေးစနစ်နဲ့ လူမှုရေးစနစ်တွေကို အရင်ဆုံး ပြောင်းပစ်ဖို့ လိုပါတယ်။ ဒါက လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ တက္ကသိုလ် ပါမောက္ခတွေ စွမ်းဆောင်နိုင်တဲ့အလုပ်လည်း မဟုတ်ပါဘူး။ တက္ကသိုလ်ဆရာတွေ လုပ်နိုင်တာက ဆရာပီပီ၊ ဆရာဂုဏ်သိက္ခာကို 'ထိန်း သိမ်းပြီး 'ပညာ'ရဲ့ သဘောကို လူတွေ သဘောပေါက်အောင် ဟောပြော ပို့ချတာပဲ ဖြစ်ပါတယ်။ ဟောပြောပို့ချလည်း အပိုပဲ။ လိုက်နာဆောင် ရွက်ကြတာမှ မဟုတ်ဘဲဆိုပြီး ရေလိုက်ငါးလိုက် လုပ်နေရင်တော့ ဆရာ့ ဝတ္တရား ပျက်ကွက်ခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**စဉ်းစားတတ်အောင်သင်မှ ဆရာ**

ထမင်းရှာစားတဲ့ အတတ်လောက် သင်ပေးသူဟာ ဆရာ မဟုတ်ပါဘူး။ ဆရာဆိုတာက လူတွေကို 'စဉ်းစားတတ်အောင်' သင်ပေးသူဖြစ်ပါတယ်။ စဉ်းစားတတ်မှ ဆင်ခြင်တုံတရားရှိလာပြီး 'အသိဉာဏ်ပညာ' ဖွံ့ဖြိုးရင့်သန်လာမှာ ဖြစ်တယ်။ လူတွေ အသိဉာဏ်ရှိလာမှ လူ့လောကကြီးက နေချင့်စဖွယ် ဖြစ်လာမှာပါ။ ခုလောလောဆယ်တော့ အတုပေါင်းစုံနဲ့ပဲ 'အသက်ကို ဖက်နဲ့ထုပ်ပြီး နေကြသေးတာပေါ့လေ။

*The Hot News Journal*

*Vol. 1, No. 16, 5 November 2010.*

# အကျိုးမျှော်လို့ နှိုးဆော်လိုက်ပါတယ်

ကော်ဖီမှုန့်တွေ စိတ်တိုင်းမကျ ဖြစ်နေခိုက်မှာ ပြင်ဦးလွင်က လူကြုံနဲ့ လက်ဆောင်ပါးလိုက်တဲ့ အိမ်လုပ် ကော်ဖီမှုန့်စစ်စစ် ရောက်လာလို့ ဝမ်းသာသွားရတယ်။ ခေတ်ပေါ် အသင့်ဖျော် ကော်ဖီထုပ်တွေ မကြိုက်တဲ့အတွက် ချက်ချင်း စက်နဲ့ကြိတ်ပေးမယ်ဆိုတဲ့ ကော်ဖီမှုန့်ကိုပဲ ဝယ်သောက်မြဲ ဖြစ်တယ်။

**ဘာမှုန့်တွေ ရောထားမှန်း မသိ**

ရှေးနှစ်ပေါင်းများစွာကတည်းက ဝယ်သုံးလာခဲ့တာ အဆင်ပြေနေပေမယ့် အခုနောက်ပိုင်းကျတော့ သိပ်ပြီးမဟုတ်ချင်တော့ဘူး။ ဟိုဟာဒီဟာတွေ ရောနှောလာကြတယ်။ ကော်ဖီသောက်လို့ ကုန်ခါနီးရင် ခွက်ထဲမှာ ကော်ဖီနှစ်တွေ အနည်ထိုင်နေတာ တွေ့ရတယ်။ ကော်ဖီမှုန့်စစ်စစ်က ဒီလို အနယ်မထိုင်ပါဘူး။ ဘာမှုန့်တွေ ရောထားမှန်းမှ မသိတာ။ ဦးကြီးရွှေဥဒေါင်းရဲ့ အမျိုးမို့လား မသိဘူး။ အစားအသောက်နဲ့ပတ်သက်ရင် နည်းနည်း ဇီဇာကြောင့်တတ်တာကြောင့် ရှေးခေတ်ကတည်းက ကော်ဖီစေ့ကို ချက်ချင်းကြိတ်ပေးတဲ့ မေမြို့(ပြင်ဦးလွင်)က ဘီတီဘရားသား

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီမှုန့်ကိုသာ သုံးခဲ့တယ်။ ပြည်သူ့ဆိုင်ခေတ် ရောက်သွားတော့လည်း ကိုယ်တိုင်ကြိတ်ရောင်းတဲ့ အိမ်ဆိုင်ကလေးတွေ တွေ့အောင်ရှာပြီး ဝယ်သုံးခဲ့တယ်။ အဆင်ပြေတယ်။

## မသတီဘူး

အခုနောက်ပိုင်းရောက်တော့ တယ်မဟုတ်တော့ဘူး။ ဘယ်ဆိုင်ပြောင်းဝယ်ဝယ် အရောအနှစ်တွေ လွတ်တယ်လို့ကို မရှိဘူး။ နိုင်ငံခြားကော်ဖီမှုန့်တွေ ဒီခေတ်မှာ ပေါပေမယ့် မကြိုက်ဘူး။ အနံ့သာမွှေးတာ၊ ကော်ဖီရဲ့အရသာက သိပ်မဟုတ်ဘူး။ သူတို့လည်း 'ခြစ်ကိုရီမှုန့်' ရောကြတာကိုး။ လတ်လတ်ဆတ်ဆတ်ကော်ဖီစေ့ကို လှော်ပြီး ကြိတ်ထားတဲ့ ကော်ဖီမှုန့်ကို စွဲခဲ့တဲ့လျှာက အခြားကော်ဖီတွေကို အရသာသိပ်မတွေ့ဘူး။ ဘာမှုန့်တွေ ရောထားမှန်း မသိ ရောထားတာတွေဆိုတော့ သောက်သာသောက်ရတာ မသတီဘူး။

## လူ့အတုဖန်တီးဖို့

မသတီပေမယ့် ဘာတတ်နိုင်မလဲ။ ရှိတာကိုပဲ 'ရသေ့စိတ်ဖြေ' သဘောထားပြီး သောက်နေရတယ်။ ဒီခေတ်မှာ အစစ်ဆိုတာက အရှားသား မဟုတ်လား။ ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် အတုတွေချည်းပဲ။ သကြားတုတို့၊ အသားတုတို့ ဆိုတာလောက်ကို စာဖွဲ့မနေနဲ့။ လူကိုတောင် ပုံတူပွားပြီး လူတုဖန်တီးဖို့ ကြံဆောင်နေကြတဲ့ ခေတ်လေ။ ပန်းသီးဆိုပြီး စားကြည့်လိုက်။ အရသာက ပန်းသီးအရသာလိုလို၊ သစ်တော်သီးအရသာလိုလိုနဲ့ ဘာသီးလို့ခေါ်ရမှန်း မသိဘူး။ သစ်တော်သီးတု ပန်းသီးလား၊ ပန်းသီးတု သစ်တော်သီးလား။ အလားတူပဲ ဇီးသီး(ဆီးသီး)ဆိုပြီး စားလိုက်တာ စိမ်းစားဥစားရသလို ဖြစ်နေတယ်။ သစ္စာပန်းအနီဆိုပြီး ပန်းအိုးထိုးလိုက်တာ ရေတွေပါ အနီဖြစ်ကုန်မှ ဆေးဆိုးထားတဲ့ အနီတုကြီးမှန်း သိရတယ်။

## ငတေမာ ပြီးရော စိတ်ဓာတ်

အတုတွေထဲမှာ အဆိုးဆုံးကတော့ အစားအစာနဲ့ ဆေးဝါးတုတွေ



ပဲ။ အရောင်လှအောင် ချည်ဆိုးဆေးတွေ သုံးတဲ့သူက သုံးကြတယ်။ အကြော်တွေ ကြာကြာခံအောင် ပလတ်စတစ်တွေ ထည့်ကြော်ကြသတဲ့။ ကလေးငယ်တွေတိုက်တဲ့ နို့မှုန့်ထဲကို မယ်လမင်းတွေ ရောထည့်ကြသတဲ့။ ဘယ်သူသေသေ ငတေမာ ပြီးရောဆိုတဲ့ လူယုတ်မာစိတ်ဓာတ်တွေ တစ်နေ့တခြား ကြီးထွားသထက် ကြီးထွားလာနေကြတယ်။ တိုင်းရင်းဆေးတံဆိပ်ကပ်ပြီးရောင်းတဲ့ ဆေးတွေထဲမှာ အင်္ဂလိပ်ဆေးတွေရောပြီး ထည့်ထားကြောင်း သက်ဆိုင်ရာက ကြေညာချက်တွေလည်း မကြာခဏ ဖတ်နေရတယ်။

## နယ်စပ်တွေကဝင်

မြန်မာနိုင်ငံမှာ စစ်ဆေးခံပြီး မှတ်ပုံတင်မထားတဲ့ နိုင်ငံခြားဆေးဝါးများကိုလည်း ဆိုင်ရာက ခဏခဏ ကြေညာပေးနေရတယ်။ အားလုံးလိုလိုက နယ်နိမိတ်ချင်း ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေက တရားမဝင်လမ်းကြောင်းက ဝင်ရောက်လာတာတွေ ဖြစ်တယ်။ အဲဒီ အိမ်နီးချင်းနိုင်ငံတွေဟာ ဆေးဝါးအတု ထုတ်လုပ်ရောင်းချတဲ့နေရာမှာ ကမ္ဘာ့အကြီးမားဆုံးစာရင်းဝင် နိုင်ငံတွေ ဖြစ်ကြတယ်။ သူတို့နဲ့ နယ်နိမိတ်ချင်း ထိစပ်ရတာ အင်မတန် ကံဆိုးတယ်လို့တောင် ပြောရမလိုပါပဲ။ အစားအစာအတုနဲ့ ဆေးဝါးအတု လုပ်တာဟာ အင်မတန်မှ လူမဆန်တဲ့လုပ်ရပ် ဖြစ်ပါတယ်။ ထိထိရောက်ရောက် တားဆီးကာကွယ်ဖို့ လိုပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ညီလာခံတွေ ကျင်းပတိုင်း ဒီကိစ္စကို ပြောဆိုဆွေးနွေးနေပါတယ်။ ဒါပေမယ့် ပြောရုံပြောနေလို့ကတော့ ဘာမှဖြစ်မလာပါဘူး။ လက်တွေ့ တားဆီးကာကွယ်ဖို့ နည်းလမ်းတွေရှာဖို့ လိုပါတယ်။

## လူထုကိုယ်တိုင် ပါမှ

ဒီကိစ္စမျိုးက အစိုးရတွေချည်း လုပ်လို့ မအောင်မြင်နိုင်ပါဘူး။ ပြည်သူလူထုကိုယ်တိုင် ပါဝင်တဲ့ စားသုံးသူကာကွယ်ရေး(Consumer Protection) အဖွဲ့အစည်းတွေ ဖွဲ့စည်းဆောင်ရွက်ဖို့ လိုပါတယ်။ မြို့တိုင်းရွာတိုင်းလိုလိုမှာ ဒီလိုအဖွဲ့အစည်းတွေ ဖွဲ့စည်းပြီး မသမာတဲ့ စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



သမားတွေကို ဖော်ထုတ်ရပါမယ်။ အစိုးရက ထိရောက်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းသတ်မှတ်ပြီး ပြည်သူလူထုက ဖော်ထုတ်တိုင်တမ်းတဲ့ ကိစ္စရပ်တွေကို ချက်ချင်း အရေးယူ ဆောင်ရွက်ပေးရပါမယ်။ ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေ မပါဘဲနဲ့ ဘယ်နည်းနဲ့မှ အောင်မြင်အောင် လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး။

## အတုယူစရာ

ဂျာမနီနိုင်ငံမှာ Green Party စတင်ပေါ်ပေါက်လာမှုနဲ့ အမေရိကန်နိုင်ငံမှာ စားသုံးသူကာကွယ်ရေး လှုပ်ရှားမှု စတင်ပေါ်ပေါက်လာမှုများကို အတုယူသင့်ကြပါတယ်။ ၆၀ ခုနှစ်များအတွင်းက ဂျာမနီနိုင်ငံမှာ အဏုမြူလက်နက် ဆန့်ကျင်ရေး လူငယ်တစ်စုက စတင်ပြီး သူတို့နိုင်ငံမြေပေါ်မှာ အဏုမြူလက်နက်တွေ ထားရှိတာကို ဆန့်ကျင်ကန့်ကွက်တဲ့ လှုပ်ရှားမှု စတင် လုပ်ဆောင်ခဲ့ကြတယ်။ အစက ပါတီရယ်လို့ မထောင်ပါဘူး။ ဆန့်ကျင်ကန့်ကွက်တဲ့ လှုပ်ရှားမှုတစ်ခုအဖြစ်သာ လုပ်ခဲ့ကြတာပါ။ နောက်တော့ ဂျာမနီက မြို့ကြီးတွေမှာပါ ဆန့်ကျင်ကန့်ကွက်မှုတွေ ပေါ်ပေါက်လာခဲ့တယ်။ တဖြည်းဖြည်း အင်အားကြီးမားလာတဲ့အခါကျမှ ပါတီအဖြစ် တည်ထောင်ခဲ့ကြတာ ဖြစ်တယ်။

## ဂရင်းပါတီ

ပါတီရယ်လို့ ထောင်ခဲ့ပေမယ့် သမားရိုးကျ နိုင်ငံရေးလုပ်ငန်းတွေ မလုပ်သေးပါဘူး။ ပင်မရေစီး နိုင်ငံရေးပါတီများ လုပ်ရကောင်းမှန်း မသိတဲ့ အဏုမြူလက်နက် ဆန့်ကျင်ရေး လုပ်ငန်းတွေကို ဖောက်ချလုပ်ပါတယ်။ ဂျာမနီကနေပြီး တခြား ဥရောပနိုင်ငံများကို ပြန့်ပွားသွားတော့ အင်အားတော်တော်ကြီးမားသွားပါတယ်။ အဲဒီအခါကျတော့ အဏုမြူလက်နက်တင်ဆောင်ထားတဲ့ စစ်သင်္ဘောကြီးတွေကို နိုင်ငံတစ်ခုခုကို ဆိုက်ကပ်မယ်ဆိုရင် ဝင်လို့မရအောင် 'ဂရင်းပါတီ'အလံ လွှင့်ထူထားတဲ့ သင်္ဘောလေးတွေနဲ့ ပိတ်ဆို့တားဆီး ကန့်ကွက်ကြပါတယ်။ အဲဒီကတစ်ဆင့်တက်တော့ အဏုမြူလက်နက်စက်ရုံတွေနဲ့ စစ်စခန်းတွေကို ဝိုင်းပြီး ဆန္ဒပြ



ကန့်ကွက်တာတွေ လုပ်ပါတယ်။ နောက်ပိုင်းကျတော့ အဏုမြူလက်နက်ဆန့်ကျင်ရေးသာမက ဝေလငါး ဖမ်းဆီးရေးကို တားဆီးကန့်ကွက်တဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအထိ တိုးချဲ့ ဆောင်ရွက်ခဲ့ပါတယ်။

## စားသုံးသူ ကာကွယ်ရေး

ဒီကနေ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန် ကြီးကြီးမားမားနဲ့ လုပ်ဆောင်လာခဲ့ကြတာဟာ အစိုးရတွေက စတင်လုပ်ဆောင်တာ မဟုတ်ပါဘူး။ ကုလသမဂ္ဂအဖွဲ့ကြီးကလည်း မဟုတ်ပါဘူး။ ဂရင်းပါတီဆိုတဲ့ လူငယ်လေးတွေက စတင်လိုက်တဲ့ လှုပ်ရှားမှုက မွေးဖွားပေးလိုက်တာ ဖြစ်ပါတယ်။ စားသုံးသူကာကွယ်ရေးဆိုတဲ့ စကားလုံးကလည်း ၁၉၆၀ ခုနှစ် မတိုင်ခင်နှစ်များက ပြောတဲ့သူ မရှိပါဘူး။ ၁၉၆၀ ခုနှစ်များအတွင်းရောက်မှ အမေရိကန်နိုင်ငံမှာ စပြီး ကျယ်ကျယ်လောင်လောင် ကြားလာရတာ ဖြစ်တယ်။ Ralph Nader ဆိုတဲ့ ရှေ့နေတစ်ယောက်က စားသုံးသူဘက်ကနေပြီး ကုမ္ပဏီတွေကို တရားစွဲတာ၊ အစိုးရ ဌာနဆိုင်ရာများကို တရားစွဲတာတွေ လုပ်ပေးပါတယ်။ တဖြည်းဖြည်း သူ နာမည်ရလာတော့ စားသုံးသူ ကာကွယ်ရေးအဖွဲ့ ဖွဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ပါတယ်။ နောက်တော့ အင်အားကြီးမားလာပြီး တစ်နိုင်ငံလုံးကို လွှမ်းခြုံတဲ့ အဖွဲ့အစည်းကြီးတစ်ရပ် ဖြစ်သွားပါတယ်။

## သမ္မတ ဝင်အရွေးခံခဲ့

ရပ်ဖ်နေဒါရဲ့အဖွဲ့အစည်း ဘယ်အထိ အင်အားကြီးမားလာခဲ့သလဲဆိုရင် လွှတ်တော်က စားသုံးသူ ကာကွယ်ရေး ဥပဒေအမျိုးမျိုး ပြဋ္ဌာန်းပေးတဲ့အထိ ဖြစ်လာပါတယ်။ ရပ်ဖ်နေဒါကိုလည်း လွှတ်တော်က ခေါ်ယူပြီး တင်ပြဆွေးနွေးစေပါတယ်။ သမ္မတအိမ်တော်က ဆောင်ရွက်တဲ့ စားသုံးသူ ကိစ္စများမှာလည်း ရပ်ဖ်နေဒါကို ခေါ်ယူတိုင်ပင်ပါတယ်။ နောက်ဆုံးကျတော့ နေဒါဟာ သမ္မတရွေးကောက်ပွဲတိုင်းမှာ တစ်သီးပုဂ္ဂလအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မနိုင်မှန်းသိပေမယ့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ စားသုံးသူ ကာကွယ်ရေး ကိစ္စကို အစိုးရ အဆက်ဆက် အလေးထားစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သမ္မတရွေးပွဲ ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။

### တပ်လှန့် နှိုးဆော်

အမေရိကန်က စားသုံးသူ ကာကွယ်ရေး အဖွဲ့အစည်းတွေနဲ့ ဂရင်းပါတီ လှုပ်ရှားမှုတွေရဲ့ ကျေးဇူးကြောင့် ဒီနေ့ ကမ္ဘာတစ်ခုလုံးမှာ စီးပွားရေးသမားတွေရဲ့ မသမာမှုမျိုးစုံကို တားဆီးကာကွယ်တဲ့ ဥပဒေတွေ အများအပြား ပေါ်ပေါက်လာခဲ့ပြီး သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားမှုတွေလည်း ကျယ်ကျယ်ပြန့်ပြန့်နဲ့ အရှိန်အဟုန် ကြီးကြီးမားမား ပေါ်ထွက်လာခဲ့ရတာ ဖြစ်တယ်။ အဲဒီ နှစ်ခုစလုံးဟာ အစိုးရတွေက လုပ်ရကောင်းမှန်းသိလို့ စလုပ်ခဲ့ကြတာ မဟုတ်ပါဘူး။ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်တဲ့ လှုပ်ရှားမှုတွေကြောင့် ဖော်ထုတ်လာခဲ့ရတာ ဖြစ်တယ်။ အဲဒါကြောင့် အစားအစာတု၊ ဆေးဝါးတုတွေ ကာကွယ်ရေးနဲ့ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးကိစ္စများကို ပြည်သူတွေကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြဖို့ လိုအပ်ကြောင်း တပ်လှန့် နှိုးဆော်လိုက်ရပါတယ်။

*The Hot News Journal*

*Vol. 1, No. 17, 12 November 2010.*

## သူများကို ညံ့တယ် မပြောပါနဲ့ ကိုယ် မညံ့ကြောင်းပဲ ပြပါ

တစ်နေ့က ကျောင်းသားဟောင်းတစ်ယောက် ရောက်လာ နှုတ်ဆက်ပါတယ်။ အမြဲတမ်း နောက်လိုက်ပြောင်လိုက်နဲ့ ပျော်ပျော်ရွှင်ရွှင်ရှိမြဲ၊ သူ့မျက်နှာ ခပ်မဆိတ် ညှိုးမှိုင်းမှိုင်း ရှိနေတာကြောင့် ဘာဖြစ်လာတာလဲလို့ မေးလိုက်တယ်။ မေးလိုက်မိမှ ညှိုးနေတဲ့ သူ့မျက်နှာ ရဲခနဲ ဖြစ်သွားတယ်။

### မထူးဆန်းတဲ့အဖြစ်

အတော်နဲ့ သူ စကားမပြောသေးဘူး။ အတော်ကြီးကြာမှ ငူးခနဲ သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီး 'ကားသမားတွေ မိုက်ရိုင်းလွန်းလို့ ဒေါသဖြစ်လာလို့ပါ'လို့ ပြောတယ်။ ဖြစ်ပုံက မထူးဆန်းပါဘူး။ ဂျာနယ်တွေထဲမှာ အမြဲတမ်း ဖတ်နေရတဲ့ ကားသမားတွေ ရိုင်းပျတဲ့အကြောင်းပါ။ သူကိုယ်တိုင် ခံခဲ့ရတာတော့ မဟုတ်ပါဘူး။ သူက ကြားထဲက ခံပြင်းလာခဲ့တာပါ။ သူစီးလာတဲ့ ကားထဲမှာ အသက် ၆၀ ကျော်၊ ၇၀ အရွယ် အဘွားအိုတစ်ယောက် ပါလာတယ်တဲ့။ အဲဒီအဘွားက သူဆင်းရမယ့်မှတ်တိုင်မရောက်ခင် အစောကြီးကတည်းက မှတ်တိုင်အမည် အော်အော်ပြီး ပါတဲ့အကြောင်း လေးငါးကြိမ်လောက် ပြောခဲ့တယ်။ ဒါပေမယ့် ကားမှတ်တိုင်မှာ ရပ်မပေးဘဲ ဆက်မောင်းသွားတယ်။ ဒီမှာတင် အဘွားအိုက ဘာကြောင့် ရပ်မပေးတာလဲလို့ စိတ်ဆိုးမာန်ဆိုးနဲ့ အော်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အမြင်ကတ်လို့တဲ့

အဲဒီအခါ ကားမောင်းတဲ့သူက ကားကို ဆောင့်ကြီးအောင့်ကြီးနဲ့ ရပ်ပေးလိုက်ပြီး တစ်လမ်းလုံး နားငြီးအောင် အော်လာတာကို အမြင်ကတ်လို့ တမင်တကာ ရပ်မပေးတာလို့ ပြန်ပြောလိုက်တယ်။ သူ ရပ်ပေးတော့ အဘွား ရပ်ခိုင်းတဲ့မှတ်တိုင်နဲ့ နှစ်မှတ်တိုင်ကွာ ရောက်နေပါပြီ။ အဘွားအို ခမျာ နေပူကြဲကြဲကြီးအောက်မှာ အဝေးကြီး ပြန်လျှောက်သွားရဦးမှာပါ။

'အဘွားကြီး သနားပါတယ် ဆရာရယ်၊ ပါးစပ်က ဗျစ်တောက် ဗျစ်တောက် ပြောရင်း ဆင်းသွားရှာတယ်'

'မင်းက ဘာမှ ဝင်မပြောဘူးလား'

'ကျွန်တော် ပြောမလို့လုပ်သေးတယ်၊ ဒါပေမယ့် တခြားလူတွေ အားလုံး တုတ်တုတ်မှမလှုပ်ဘဲ ကိုယ်နဲ့မဆိုင်သလို ငြိမ်နေကြတာနဲ့ မပြော ဖြစ်လိုက်ဘူး၊ လူတွေကိုက ညံ့ပါတယ် ဆရာရယ်၊ ငြိမ်ခံနေကြတာပဲ'

## ခတ်ပြားဟောင်းကြီး

သူပြောတဲ့စကားက ကြားရပေါင်းများလို့ နားထဲမှာ ဖန်တစ်ရာ တေ ဖြစ်နေပြီ။ တကယ့်ခတ်ပြားဟောင်းကြီးပဲ။ ဒီခတ်ပြားဟောင်းကြီး ကြောင့်ပဲ လူ့လောကတစ်ခုလုံး အရုပ်ဆိုး အကျည်းတန်နေတာ ဖြစ်တယ်။ ပြဿနာတစ်ခုခု၊ ဒါမှမဟုတ် မတော်မတရားတာ တစ်ခုခု ကြုံတွေ့ရတဲ့ အခါမျိုးမှာ လူတိုင်းလိုလိုဟာ ကိုယ့်ကို တိုက်ရိုက် မထိခိုက်တဲ့ ကိစ္စမျိုး ဆိုရင် မမြင်ချင်ယောင်၊ မကြားချင်ယောင် ဆောင်ပြီး မျက်နှာလွှဲနေတတ် ကြတယ်။ ကိုယ့်ကို မထိခိုက်ပေမယ့် ကိုယ့်မျက်စိရှေ့မှာ မတော်မတရား တာကြီးကို မြင်တွေ့နေရတယ်ဆိုရင် ပြောသင့်တာ ဝင်ပြောပြီး တားသင့် တာ ဝင်တားသင့်တယ် မဟုတ်လား။

## ရင်မဆိုင်ရဲလို့ ပိုကြီးလာတာ

အခုတော့ လူတော်တော်များများက ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး ရေငုံ နှုတ်ပိတ် လုပ်နေတတ်ကြတယ်။ အဲဒီတော့ လူရမ်းကားတွေ ပိုပြီးလက်ရဲ



ဇက်ရဲ ဖြစ်လာကြတာပေါ့။ အဲဒီအခါကျတော့ 'လူတွေကိုက ညံ့ပါတယ်' ဆိုတဲ့ စကား ပြောကြပြန်တယ်။ တကယ်ဆိုရင် သူများတွေ ဘာပြော မလဲ၊ ဘာလုပ်မလဲ စောင့်ကြည့်မနေဘဲ လုပ်သင့်လုပ်ထိုက်တာကို လုပ် လိုက်မယ်၊ ပြောလိုက်မယ်ဆိုရင် ပြဿနာဟာ သေးသေးလေးနဲ့ နိဂုံး ချုပ်သွားနိုင်ပါတယ်။ ပြဿနာကို ရင်မဆိုင်ရဲတဲ့အတွက် ပြဿနာက ပိုပြီး ကြီးလာတာ ဖြစ်တယ်။ ပြဿနာဆိုတာ စောစော ရှင်းနိုင်လေ ကောင်းလေပဲ။

## နှစ်ယောက်နဲ့ အများ

စောစောကပြောတဲ့ မော်တော်ကားပေါ်က ကိစ္စကိုပဲ ကြည့်။ ဘတ်စ် ကားတစ်စီးပေါ်မှာ ကားသမားက နှစ်ယောက်တည်း ပါတယ်။ ခရီးသည် က လေးငါးဆယ် အမြဲတမ်း ရှိတယ်။ ရိုင်းပျစော်ကားတာကို ခရီးသည် အားလုံး တစ်ယောက်မကျန် ဝိုင်းပြီး ပြောကြဆိုကြ၊ အော်ကြဟစ်ကြမယ် ဆိုရင် နှစ်ယောက်တည်းရဲ့အသံက တိတ်သွားမှာပေါ့။ တကယ်လို့ ငြိမ် မသွားဘဲ မိုက်ရိုင်းစော်ကားပြတယ် ထားဦး၊ နှစ်ယောက်နဲ့ လေးငါးဆယ် လေ။ ကားမောင်းတဲ့သူက ကားကို ထိန်းနေရတာဖြစ်လို့ ရုတ်တရက် လှုပ်ရှားနိုင်ဖို့ မလွယ်ပါဘူး။ စပယ်ယာကလည်း အများအားဖြင့် ခရီးသည် တွေကြား ရောက်နေတာဆိုတော့ ခရီးသည်တွေကသာ တကယ်ရန်ပြုမယ် ဆိုရင် သူ့လက်တစ်ဖက်တောင် မြှောက်ခွင့်ရလိုက်မှာ မဟုတ်တာ သေချာ ပါတယ်။

## ကြောက်မှန်းသိရင် ခြောက်တယ်

ခရီးသည်တိုင်းက ကိုယ်နဲ့မဆိုင်သလို ခေါင်းရှောင်နေတတ်မှန်း သိလို့သာ ကားသမားတချို့ မိုက်မိုက်ရိုင်းရိုင်း၊ စော်ကားမော်ကား ပြုရဲ တာပေါ့။ မခံမှန်းသိရင် မလုပ်ရဲပါဘူး။ ကြောက်မှန်းသိရင် ဖြဲခြောက်တာ လူမိုက်တို့ရဲ့စရိုက် ဖြစ်တယ်။ တုံ့ပြန်မှန်းသိရင် လက်ရဲဇက်ရဲ မလုပ်ဝံ့ ပါဘူး။ ကားသမားတွေနဲ့ ရန်ဖြစ်ရမယ်လို့ တိုက်တွန်းနေတာ မဟုတ်ပါ ဘူး။ မဟုတ်ရင် ငုံ့မခံဖို့သာ ပြောတာပါ။ မိုက်ရိုင်းစော်ကားတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လည်း တကယ်တော့ ကားသမားတိုင်း မဟုတ်ပါဘူး။ ပင်ကို စရိုက်ကြမ်းတမ်း မိုက်ကန်းတဲ့ တချို့တလေလောက်သာ ဖြစ်ပါတယ်။

### လူ့တာဝန်ဆိုတာ ရှိတယ်

ဘယ်နယ်ပယ်မှာမဆို လူဆိုးလူမိုက်ဆိုတာ ရှိတတ်စမြဲပါ။ လူယဉ်ကျေးတို့ရဲ့ ဘာသာစကားကို နားမလည်တဲ့ လူစားမျိုးတွေလည်း နေရာတိုင်းမှာ ရှိပါတယ်။ အဲဒီလိုလူမျိုးတွေနဲ့ ကြုံရတဲ့အခါမျိုးမှာတော့ လူကြီးလူကောင်းလို ဆက်ဆံလို့ မရပါဘူး။ သူတို့နားလည်တဲ့ ဘာသာစကားနဲ့ ပြောမှ ဖြစ်ပါတယ်။ သည်းခံလွန်းအားကြီးရင် ကြောက်တယ်ထင်ပြီး ပိုအနိုင်ကျင့်တတ်ပါတယ်။ နေရာတိုင်း၊ သည်းခံမနေဘဲ ပြောသင့်တာ ပြောဖို့၊ လုပ်သင့်တာလုပ်ဖို့ လိုပါတယ်။ လူရယ်လို့ ဖြစ်လာရင် လူ့တာဝန်ဆိုတာ ရှိစမြဲဖြစ်တယ်။ လူ့တာဝန်တွေထဲမှာ ကိုယ်နေထိုင်ရာ လူ့လောကကို အရုပ်ဆိုး အကျည်းတန်အောင် မလုပ်မိစေဖို့နဲ့ တခြားလူများ မလုပ်နိုင်အောင် ကာကွယ်စောင့်ရှောက်ဖို့ ဆိုတာလည်း ပါဝင်ပါတယ်။ လူတစ်ဦးချင်းစီက ကိုယ့်တာဝန်ကိုယ် သိပြီး ကျေပွန်အောင် လုပ်ဆောင်ကြမယ်ဆိုရင် လူ့လောကရဲ့ အနိဋ္ဌာရုံနဲ့ အရုပ်ဆိုး အကျည်းတန်တာတွေ ပပျောက်သွားမှာ သေချာပါတယ်။

### ကိုယ့်တာဝန်ကိုယ်ကျေပါ

ကိုယ်က ဘာမှမလုပ်ဘဲနဲ့ တခြားလူတွေကို 'ညံ့လိုက်တာ'လို့ အပြစ်တင်နေလို့ကတော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ သူများတွေလုပ်မှာကို စောင့်ကြည့်မနေဘဲ ကိုယ့်တာဝန်ကိုယ်ကျေဖို့သာ အရေးကြီးပါတယ်။ 'တာဝန်သိစိတ်' ရှိတဲ့သူတွေ များလာရင် များသလောက် တိုင်းပြည်တိုးတက်ပါတယ်။ အဲဒါကြောင့် ကိုယ်တိုင် တာဝန်ကျေအောင် ကြိုးစားကြပါလို့သာ နှိုးဆော်လိုက်ပါရစေတော့။

*The Hot News Journal*

*Vol. 1, No. 19, 10 December 2010.*

## ဘာလုပ်လုပ် ကိုယ်တိုင် စုံစမ်းမေးမြန်းပြီးလုပ်

ကျောင်းသားဗီဇာ လျှောက်ထားသူများကို နိုင်ငံခြားတိုင်းပြည် တချို့က အခုတလော တော်တော်လေး တင်းတင်းကြပ်ကြပ် စိစစ်နေကြောင်း သတင်းတွေ အဆက်မပြတ် ကြားနေ၊ ဖတ်နေရတယ်။ အင်္ဂလန်နိုင်ငံမှာ ဆိုရင် ကျောင်းတက်ဖို့ အကြောင်းပြပြီး ဝင်ရောက်လာသူများရဲ့ ငါးပုံတစ်ပုံလောက်ဟာ ဗီဇာသက်တမ်း ကုန်ဆုံးချိန်မှာ ပြန်ထွက်မသွားဘဲ တရားမဝင် ဆက်လက်နေထိုင်ကြတဲ့အတွက် ကျောင်းသားဗီဇာလျှောက်လွှာများကို သေသေချာချာ စစ်ဆေးပြီးမှ ထုတ်ပေးတော့မယ်ဆိုတဲ့ သတင်းကို မနေ့တစ်နေ့ကပဲ ဖတ်လိုက်မိသေးတယ်။

### နှစ်ကြိမ် ဗီဇာပယ်ခံရသူ

ပြီးခဲ့တဲ့အပတ်က ကျောင်းသားဟောင်းတစ်ယောက် ရောက်လာပြီး သံရုံးဗီဇာဝင်တာ နှစ်ကြိမ် အပယ်ခံရတဲ့အတွက် ဘာဆက်လုပ်ရင်ကောင်းမလဲလို့ တိုင်ပင်တယ်။ သူက ဘွဲ့ရပြီးသားမို့ မဟာဘွဲ့အတွက် လျှောက်တာပါ။ လိုအပ်တဲ့ အင်္ဂလိပ်စာ အရည်အချင်းစစ် စာမေးပွဲလည်း ဖြေဆိုပြီး သတ်မှတ်တဲ့အမှတ် မီပါတယ်။ ပထမအကြိမ်က အကြောင်းပြချက်တစ်ခုနဲ့ ပယ်ပြီး ဒုတိယအကြိမ်ကျတော့ နောက်ထပ် အကြောင်းပြချက်တစ်ခုနဲ့ ပယ်လိုက်ပါတယ်။ လောလောဆယ်တော့ ဒီနိုင်ငံကို ထပ်

www.burmeseclassic.com

www.burmeseclassic.com



မကြိုးစားဘဲ တခြားနိုင်ငံတစ်ခုခုကို ကြိုးစားကြည့်ဖို့ အကြံပေးတော့ တခြားနိုင်ငံမှာ အဆက်အသွယ် လူခံမရှိဘူးလို့ ပြောပါတယ်။ အင်တာနက် ခေတ်ကြီးပဲ လူခံမရှိလည်း ဖြစ်ပါတယ်။ အွန်လိုင်းကရှာပြီး အွန်လိုင်းက လျှောက်လို့ရတယ်။ လျှောက်လွှာကြေးတို့၊ ဘာတို့ပို့ဖို့ အခက်ရှိရင် ရန်ကုန်မှာ ကျောင်းတွေက တရားဝင်ခန့်ထားတဲ့ ကိုယ်စားလှယ်တွေ ရှိတယ်။ သူတို့နဲ့ ဆက်သွယ်လို့ရတယ်လို့ ပြောလိုက်ရတယ်။

## ပိုပိုပြီး တင်းကြပ်လာ

ဒီနှစ်အတွင်းမှာ ဗီဇာငြင်းပယ်ခံရလို့ လာပြီးတိုင်ပင်တဲ့ ကျောင်းသားဟောင်း လေးငါးယောက်ထက်မနည်း ရှိတယ်။ ခုနောက်ပိုင်း မြန်မာကျောင်းသားတွေ အလျှောက်များတဲ့ ဩစတြေးလျနိုင်ငံကလည်း တင်းကြပ်လာတာ တွေ့ရတယ်။ ဟိုဘက်က ကျောင်းတွေက လက်ခံထားတာတောင်မှ ဒီမှာရှိတဲ့ သံရုံးက သတ်မှတ်တဲ့ IELTS အမှတ်မမီရင် ဗီဇာမပေးပါဘူး။ ဗီဇာစည်းကမ်းတွေ တင်းကြပ်သထက် တင်းကြပ်လာပေမယ့် ကျောင်းကြော်ငြာတွေကတော့ လျော့သွားတယ် မရှိဘူး။ နိုင်ငံခြားကျောင်းက လူကိုယ်တိုင်လာပြီး ကြော်ငြာမောင်းခတ် ကျောင်းသားရှာတဲ့ ပွဲတွေလည်း အမြဲမပြတ် တွေ့နေရတယ်။ သူတို့ နိုင်ငံတွေမှာလည်း ကျောင်းတွေ၊ တက္ကသိုလ်တွေက နိုင်ငံခြားကျောင်းသားများလာမှ ပိုက်ဆံရမှာဖြစ်လို့ ကျောင်းသားများများ လိုချင်တယ်။ လူဝင်မှု ကြီးကြပ်ရေးဌာန၊ အလုပ်သမားဌာနနဲ့ အစိုးရတွေကတော့ တရားမဝင် နိုင်ငံခြားသားတွေ များသထက် များလာရင် ပြဿနာပေါင်း သောင်းခြောက်ထောင်ပေါ်ပေါက်လာမှာတွေကို တွေးပြီး နိုင်ငံခြားသားတွေကို ကန့်သတ်ချင်ကြတယ်။

## အစိုးရတွေက မမြင်ယောင်ဆောင်

ဒီပြဿနာက ဒီခေတ်မှာ နိုင်ငံတိုင်းလိုလို ရင်ဆိုင်ကြုံတွေ့နေရတယ်။ ကျောင်းသားမှမဟုတ်ဘူး။ အလုပ်သမားကိစ္စတွေမှာလည်း အလားတူ ပြဿနာမျိုး ရင်ဆိုင်နေရတာပဲ ဖြစ်တယ်။ အလုပ်ရှင်တိုင်းက လုပ်



အားခ သက်သာတဲ့ တရားမဝင် နိုင်ငံခြားသား အလုပ်သမား များများ လိုချင်ကြတယ်။ တရားမဝင် အလုပ်သမားတွေက လုပ်အားခသက်သာရုံတင် မဟုတ်ဘူး။ ကိုယ့်နိုင်ငံသား အလုပ်သမားတွေကို မပေးမဖြစ် ပေးရတဲ့ တခြားခံစားခွင့်တွေလည်း ဘာတစ်ခုမှ ပေးစရာမလိုဘူး။ အလုပ်ရှင်တွေအတွက် သိပ်အကျိုးရှိတယ်။ အစိုးရတွေကလည်း အလုပ်ရှင်တွေ အကျိုးရှိဖို့အတွက် ခပ်ဆောဆောကတော့ တရားမဝင် အလုပ်သမားတွေကို ဖမ်းဟယ်ဆီးဟယ်တောင် လုပ်လေ့မရှိဘူး။

## ဖမ်းဆီးနှင်ထုတ် လုပ်လာကြ

နောက်ပိုင်းကျတော့ တရားမဝင် အလုပ်သမားတွေက ထိန်းမနိုင်သိမ်းမရ အနေအထားမျိုးအထိ များလာတာက တစ်ကြောင်း၊ ပြည်တွင်းစီးပွားရေး ကျဆင်းလို့ အလုပ်လက်မဲ့ပြဿနာ ကြီးထွားလာတာက တစ်ကြောင်း စတဲ့အကြောင်းများကြောင့် တရားမဝင် အလုပ်သမားတွေကို ဖမ်းတာဆီးတာ၊ နှင်ထုတ်တာတွေ လုပ်လာကြရတယ်။ အမေရိကန်နိုင်ငံမှာလည်း ရှေးအခါက စိုက်ပျိုးခင်းတွေနဲ့ ခြံစိုက်ခင်းတွေမှာလုပ်ဖို့ ရာသီအလိုက် မက္ကဆီကိုက အလုပ်သမားတွေ ဝင်ရောက်လာကြတာကို မသိချင်မမြင်ချင်ယောင် ဆောင်ပေးထားခဲ့တယ်။ စိုက်ပျိုးချိန်၊ ရိတ်သိမ်းဆွတ်ခူးချိန်တွေမှာဆိုရင် ကလေးလူကြီး၊ ယောက်ျားမိန်းမတွေ သိန်းချီပြီး နှစ်စဉ်ဝင်လာခဲ့တယ်။ ရာသီကုန်တော့ ပြန်သွားကြတယ်။ ခုနောက်ပိုင်းကျတော့ ဝင်လာသူ အတော်များများက မပြန်ကြတော့ဘူး။ အမေရိကန်မှာလည်း စီးပွားရေးကျပြီး အလုပ်လက်မဲ့တွေက များသထက်များနေတော့ လူမျိုးရေးပဋိပက္ခတွေ ဖြစ်လာကြတယ်။ အခုဆိုရင် အမေရိကန် အစိုးရဟာ မက္ကဆီကို က တရားမဝင် အလုပ်သမားတွေ ဝင်မလာနိုင်အောင် နယ်စပ်မှာ စည်းရိုး ကာပြီးတောင် ပိတ်ဆို့တားဆီး လုပ်နေရပါတော့တယ်။

## တခမ်းတနား ကြိုခဲ့ကြတယ်

မှတ်မိသေးတယ်။ အခု တရုတ်(တိုင်ပေ)လို့ခေါ်တဲ့ ထိုင်ဝမ်မှာ ၅၀ ခုနှစ်များနဲ့ ၆၀ ခုနှစ်များအတွင်းထိ မိသားစုလိုက် ပြောင်းရွှေ့ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာသူတွေဆိုရင် လေယာဉ်လက်မှတ် ပို့ပေးပြီး ဟိုရောက်တာနဲ့ တခမ်းတနား ကြိုဆိုတယ်။ နေစရာပေးပြီး အလုပ်အကိုင် ရှာပေးတယ်။ ရောက်ရောက်ချင်း သုံးဖို့ ထောက်ပံ့ကြေး ထုတ်ပေးတယ်။ ၇၀ ခုနှစ်၊ ၈၀ ခုနှစ်တွေအတွင်းရောက်တော့ ဝင်လာသူတွေ များလွန်းတာကြောင့် ဝင်လာဖို့ မဖိတ်ခေါ်တော့ဘူး။ ဝင်ခွင့်စည်းကမ်းချက်တွေလည်း အများကြီး တင်းကြပ်ပစ်လိုက်တယ်။ ကမ္ဘာပေါ်က ဖွံ့ဖြိုးတဲ့နိုင်ငံတိုင်း တရားမဝင် ဝင်ရောက်နေထိုင်သူတွေကြောင့် ပြဿနာမျိုးစုံ ရင်ဆိုင်နေကြရတယ်။ 'ယဉ်ကျေးမှုချင်း တိုးတိုက်မိခြင်း'ဆိုပြီး စာတစ်စောင် ပေတစ်ဖွဲ့ ရေးရလောက်အောင်ကို ပဋိပက္ခတွေ ပြင်းထန်ကြီးမားလာကြတယ်။ ပြည်ဝင်ခွင့်ကို တစ်ရစ်ပြီးတစ်ရစ် ဝက်အူတင်းအောင် ရစ်လာကြတော့တယ်။

## ကိုယ်တိုင် သွားစုံစမ်းပါ

နိုင်ငံခြားကို ကျောင်းတက်ဖို့သွားသူပဲဖြစ်ဖြစ်၊ အလုပ်လုပ်ချင်လို့ သွားသူပဲဖြစ်ဖြစ် မသွားခင်မှာ သွားချင်တဲ့နိုင်ငံ ဗီဇာလိုအပ်ချက် စည်းမျဉ်း စည်းကမ်းတွေကို သေသေချာချာ ကိုယ်တိုင်သွားရောက် မေးမြန်းစုံစမ်းပြီးမှ လုပ်စရာရှိတာတွေ ဆက်လုပ်သင့်တယ်။ အေးဂျင့်တွေ ကြော်ငြာကောင်းတာကို မျက်စိမှိတ်ယုံပြီး လိုက်မလုပ်သင့်ဘူး။ ဗီဇာလျှောက်လွှာတင်ခက ရေးကလို ခြောက်ပြားတစ်ပဲ မဟုတ်တော့ဘူး။ သိန်းနဲ့ချီ ပေးရတာ။ ဗီဇာ ငြင်းပယ်ခံရရင် လျှောက်လွှာကြေးက ဆုံးရော။ ပြန်မရဘူး။ သံရုံးတွေက ဗီဇာစည်းမျဉ်းစည်းကမ်းတွေကို အင်္ဂလိပ်–မြန်မာ နှစ်ဘာသာနဲ့ ရေးပေးထားတာပါ။ ဘယ်သူသွားတောင်းတောင်း ရပါတယ်။ ကိုယ်တိုင် သွားစုံစမ်း မေးမြန်းတာကို မဖြစ်မနေ လုပ်သင့်တယ်။

## အေးဂျင့်ပြောတိုင်း မယုံနဲ့

ဗီဇာ ငြင်းပယ်ခံရလို့ ပိုက်ဆံ သိန်းဂဏန်း ဆုံးရှုံးတဲ့ ကျောင်းသားတွေ ရှိသလို ပွဲစားအလိမ်ခံရလို့ လယ်ကွက်ကလေး ပေါင်နှံရောင်းချပြီး ယူလာတဲ့ငွေ အဆုံးခံလိုက်ရသူတွေလည်း အများကြီး ရှိနေကြတယ်။ ဂျာနယ်တွေမှာ မကြာခဏ ဖတ်နေရတယ်။ အကြောင်းရင်းကို စစ်လိုက်



တော့ ကိုယ်သွားချင်တဲ့နိုင်ငံရဲ့ ပြည်ဝင်ခွင့်ဗီဇာ စည်းမျဉ်းစည်းကမ်းတွေအကြောင်း ဂဃနဏ သိအောင် လေ့လာစုံစမ်းတာမျိုး မလုပ်ဘဲ အေးဂျင့်တွေ ပြောသမျှ အဟုတ်မှတ်လိုက်ကြခြင်းဖြစ်တာ တွေ့ရတယ်။ နယ်ကလာလို့ သံရုံးကို မသွားတတ်၊ မလာတတ်၊ မသွားရဲ၊ မလာရဲ ဖြစ်တယ်ဆိုရင်လည်း အေးဂျင့်ဆီမှာ သံရုံးကထုတ်ပေးတဲ့ ဗီဇာစည်းမျဉ်းစည်းကမ်းတောင်းကြည့်ပါ။ မပေးတဲ့ အေးဂျင့်ဆိုရင်တော့ မယုံရဘူးလို့သာ မှတ်ပေတော့လို့ သတိပေးလိုက်ချင်ပါတယ်။ ဘယ်သူသွားတောင်းတောင်း အလကားရတဲ့ စာရွက်ပါ။

*The Hot News Journal*

*Vol. 1, No. 21, 24 December 2010.*

www.burmeseclassic.com